# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊ဒီဇင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၁၀)၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ ၁၀-၁၀-၂၀၂၄၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန်မြို့၌ ရေဘေးသင့်ဒေသများ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ တတိယအကြိမ်ပေးအပ်လှူဒါန်းပွဲ ကျင်းပ

## ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် အလှူငွေစုစုပေါင်း ငွေကျပ် ၁၁ ဒသမ ၉၇ ဘီလီယံကျော် လက်ခံရရှိ

နေပြည်တော် အောက်တိုဘာ ၉

မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာ ရှင်၊ အလှူရှင်များက အလှူငွေများ တတိယအကြိမ်ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အလှူငွေများ လက်ခံပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

### တက်ရောက်

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ စေတနာရှင်၊ အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ☆




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန် လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းစဉ်။

ပြည်လုံးကျွတ် သန်းခေါင်စာရင်း (၁၀)ရက်မြောက်နေ့ ကောက်ယူနေပါသည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက် ၊ ကြာသပတေးနေ့ ။

မန္တလေး နေ့စဉ်

# မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ရမည်

ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းခြင်းသည် သက်ဆိုင်ရာနိုင်ငံနှင့်လူမျိုး၏ အဓိကတာဝန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယဉ်ကျေးမှုအမွေအနှစ်များသည် တစ်မျိုးသားလုံး၏ အမွေအနှစ်ဖြစ်သောကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားသော နိုင်ငံဖြစ်သည်။ ဂုဏ်ယူဖွယ်ရာ ယဉ်ကျေးမှုအမွေအနှစ်များနှင့် မြတ်နိုးဖွယ်ရာ ယဉ်ကျေးမှုအစဉ်အလာများ ရှေးအစဉ်အဆက်မှ ယနေ့ထက်တိုင် ဖြစ်ထွန်းနေသည်။ ခေတ်ကာလများ မည်သို့ပင် ရွေ့လျားလာသော်လည်း မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများမှာ မှေးမှိန်သွားခြင်းမရှိပေ။ ဤသည်မှာ ကမ္ဘာပေါ်ရှိ နိုင်ငံတစ်နိုင်ငံ၏ ထူးခြားသော ဂုဏ်ဒြပ်ပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ရမည် ဖြစ်သည်။

ယဉ်ကျေးမှုနယ်ပယ်တွင် ဒြပ်ရှိယဉ်ကျေးမှုနှင့် ဒြပ်မဲ့ယဉ်ကျေးမှုဟူ၍ နှစ်မျိုးရှိရာ ထိုယဉ်ကျေးမှုနယ်ပယ် နှစ်မျိုးစလုံးတွင် ပါဝင်သော အဖိုးတန်အမွေအနှစ်များကို သက်ဆိုင်ရာတို့နှင့် မြတ်နိုးတန်ဖိုးထားသူတို့က ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်နေကြသည်။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် အသိအမှတ်ပြုလာစေရန် မြန်မာပြည်သူများသာမက ကမ္ဘာ့ပြည်သူများပါသိရှိစေရန် မြှင့်တင်အားပေးနေသည်ကို မြင်တွေ့ရသည်။

နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုဆိုသည်မှာ ထိုနိုင်ငံရှိ လူမျိုးတို့၏ ဘိုးဘွားစဉ်ဆက် အသုံးပြုခဲ့သည့် ပစ္စည်းမှန်သမျှ၊ ထိုလူမျိုးတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ယုံကြည်ကိုးကွယ်မှု၊ ပြောဆိုသော ဘာသာစကား၊ ရိုးရာဓလေ့ထုံးစံ၊ အတွေးအခေါ်၊ ဓလေ့စရိုက်၊ လက်မှုအနုပညာ ဗိသုကာနှင့် အနုသုခုမပညာရပ်တို့ကို ပေါင်းခြုံထားခြင်းပင်ဖြစ်သည်။ အမျိုးအစားအားဖြင့် ဒြပ်ရှိယဉ်ကျေးမှုနှင့် ဒြပ်မဲ့ယဉ်ကျေးမှုဟူ၍ နှစ်မျိုးခွဲခြားထားပြီး ဒြပ်ရှိယဉ်ကျေးမှုတွင် လူသားတို့သုံးစွဲခဲ့သည့် ကိုင်တွယ်ထိတွေ့၍ ရသောပစ္စည်းအားလုံးကို ဆိုလိုသည်။ ဒြပ်မဲ့ယဉ်ကျေးမှုမှာ နာမ်သဘောသဘာဝဖြစ်ပြီး လူသားတို့ အသုံးပြုနေသော ကိုင်တွယ်ထိတွေ့၍မရသည့် အရာများဖြစ်သည်။

ယဉ်ကျေးမှုအမွေအနှစ်ဟူသည်မှာ ရုပ်ဝတ္ထုပစ္စည်းများသာမကဘဲ ဘိုး၊ ဘေး၊ ဘီ၊ ဘင်အစဉ်အဆက် လက်ဆင့်ကမ်းလာခဲ့ကြသည့် ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ၊ သဘောတရားများ ပါဝင်ကြောင်း ကုလသမဂ္ဂယူနက်စကိုအဖွဲ့ကြီးက သတ်မှတ်ထားရာ တိမ်ကောပျောက်ကွယ်နိုင်သည့် ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ရာဇဝင်များကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်သည်။

တိုင်းရင်းသား လူမျိုးပေါင်းတစ်ရာကျော် မှီတင်းနေထိုင်သော မြန်မာနိုင်ငံတွင် ဘိုး၊ ဘွား၊ ဘီ၊ ဘင်တို့၏ ဒြပ်မဲ့ယဉ်ကျေးမှု အစဉ်အလာများ အမြောက်အမြားရှိပြီး ယင်းတို့နှင့်ပတ်သက်၍ နှံ့စပ်သိမြင်သော ပုဂ္ဂိုလ်များလည်း ရှိနေသေးသည်။ မပျောက်မပျက်ကျန်ရှိနေသေးသော ရှေးရိုးအစဉ်အဆက် ဒြပ်မဲ့ယဉ်ကျေးမှုများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာလူမျိုးတိုင်းသည် မိမိတို့၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များကို သတိရလျက် မိမိတို့ ယဉ်ကျေးမှုမပျက်အောင် မိမိတို့မှာ တာဝန်ရှိပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ညီညွတ်ထက်သန်စွာ ထိန်းသိမ်းမြှင့်တင်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုအား တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေး



**ဆင်ပေါင်ဝဲ အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအား မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များက သန်းခေါင်စာရင်းကောက်ကွက်များတွင် ကွင်းဆင်းကောက်ယူမှုများကို ယနေ့နံနက်ပိုင်းက ကိုးပင်ကျေးရွာ၊ ကျောက်ဆောင်စမ်းကျေးရွာနှင့် အမှတ်(၃)ရပ်ကွက်အတွင်းရှိ ကောက်ကွက်များတွင် အောင်လံခရိုင် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ စာရင်းစစ်၊ စာရင်းကောက်များက ဒေသခံပြည်သူများအား သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ မေးမြန်းစာရင်းကောက်ယူနေမှုအား အောင်လံခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချန်ဖီယာန်နှင့် ကော်မတီဝင်များက လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆင်ပေါင်ဝဲမြို့နယ်၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူသည့်လုပ်ငန်းများကို ရပ်ကွက်၊ ကျေးရွာအသီးသီးတို့၌ သန်းခေါင်စာရင်းကောက်ကွက်ပေါင်း(၁၆၂)ကွက်အား စာရင်းစစ်၊ စာရင်းကောက် ၇၀ ဦးတို့က Mobile Tablet များအသုံးပြု၍ တစ်အိမ်တက်ဆင်းစနစ်ဖြင့် စနစ်တကျ စာရင်းကောက်ယူလျက်ရှိရာ အောက်တိုဘာ ၈ ရက်အထိ ကောက်ကွက်ပေါင်း (၁၀၂)ကွက် ကောက်ယူပြီးစီးပြီး ကျန်ရှိနေသော ကောက်ကွက်များကို အချိန်မီပြီးစီးရေး တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း (၉)ရက်မြောက်နေ့ ကောက်ယူနေမှုအား တာဝန်ရှိသူများ ကြည့်ရှုအားပေး



**မန္တလေး အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား မြို့နယ်အဆင့် စာရင်းစစ်၊စာရင်းကောက်များက (၉)ရက်မြောက်နေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် ရပ်ကွက်များသို့ ကွင်းဆင်း၍ ဆက်လက်ကောက်ယူလျက်ရှိသည်။

ကွင်းဆင်းကောက်ယူရာတွင် သန်းခေါင်စာရင်းကောက်ကွက်များမှ လူဦးရေနှင့်အိမ်အကြောင်းအရာစာရင်းများ တိကျမှန်ကန်စွာ ရရှိနိုင်ရေးအတွက် ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်အကြောင်းအရာ အချက်အလက်များ ပါဝင်သည့် အချက်အလက် (၆၈)ချက်ကို မေးမြန်းကောက်ယူလျက်ရှိရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦး၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ဝဲပုံ)**

မဟာအောင်မြေမြို့နယ်အတွင်း ရပ်ကွက်(၁၈)ရပ်ကွက်ရှိ ကောက်ကွက်ပေါင်း(၃၇၇)ကွက်၌ စာရင်းစစ် ၃၃ ဦး၊ စာရင်းကောက် ၁၂၃ ဦးက အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို Mobile Tablet များ အသုံးပြု၍ တစ်အိမ်တက်ဆင်း စနစ်ဖြင့် စနစ်တကျ ကောက်ယူလျက်ရှိရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝ၅၆)

ဝ-ဝ-ဝ-ဝ-ဝ

## ချောင်းတိမ်ချောင်း ရေစီးရေလာကောင်းမွန်စေရေး တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်

**ရေနံချောင်း အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ရေနံချောင်းမြို့လယ်ရှိ ချောင်းတိမ်ချောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ကြောင်း ရေနံချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ချောင်းတိမ်ချောင်း ကောင်းမွန်စေရေးကို Champion Crocem ကုမ္ပဏီမှ တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် ချောင်းတိမ်ချောင်း အရှည်ပေ ၁၀၀၀ အား တူးဖော်ခြင်းကိုဆောင်ရွက်ခဲ့သည်။ **(အောက်ယာပုံ)**

ချောင်းတိမ်ချောင်းသည် ရေနံချောင်းမြို့လယ်ခေါင်တွင်ရှိပြီး ရန်ကုန်-မန္တလေးကားလမ်းမကြီးပေါ်တွင် ဖြတ်သန်း၍ လည်းကောင်း၊ အောင်သပြေရပ်၊ စည်ပင်သာရပ်၊ ရွာသစ်ရပ်၊ မကျည်းလေးပင်ရပ်တို့ကို ဖြတ်သန်းစီးဆင်းသည့် ချောင်းဖြစ်ရာ မိုးရာသီ၌ ချောင်းရေလျှံကာ ကားလမ်းမပေါ်တွင် သဲ၊ ရွှံ့နွံများ တင်ကျန်ရစ်ခဲ့သည့်အပြင် ရပ်ကွက်များရှိ လူနေအိမ်အချို့ ရေဝင်ခြင်း နှစ်စဉ်ကြုံတွေ့ရသောကြောင့် ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(၄၇၂)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ တတိယအကြိမ်ပေးအပ်လှူဒါန်းပွဲတွင် ကျေးဇူးတင်စကား ပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ ရာဂီမုန်တိုင်းနှင့်ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှုအခြေအနေများ၊ ရှာဖွေကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို မှတ်တမ်းတင်ထားသည့် **"သဘာဝ ဘေးအန္တရာယ်ကို ရင်ဆိုင်ကျော်လွှား မွန်မြတ်စိတ်ထား တွဲလက်များနှင့် ကူညီထမ်းဆောင်"** Video Clip ကို ဖွင့်လှစ်ပြသသည်။

### အလှူငွေများ အသီးသီးပေးအပ်လှူဒါန်း

ထို့နောက် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ဝန်ထမ်းများ၊ပြည်တွင်းပြည်ပ စေတနာရှင်၊ အလှူရှင်များက ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ဝန်ထမ်းများ၊ ပြည်တွင်းပြည်ပ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်းကြရာ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမိုးအောင်၊ ဒေါက်တာကံဇော်၊ ဦးမောင်မောင်အုန်း၊ ဦးခင်မောင်ရီ၊ ဦးမျိုးသန့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

### သဘာဝဘေးဖြစ်ပေါ်ခဲ့မှု အခြေအနေများနှင့်လှူဒါန်းမှုများ အတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့်စေတနာရှင် အလှူရှင်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် နှုတ်ခွန်းဆက်သအပ်ပါကြောင်းဖြင့် ဦးစွာ ပြောကြားပြီး ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ရေကြီးရေလျှံမှုသဘာဝဘေးဖြစ်ပေါ်ခဲ့မှု အခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေး လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက် ပြောကြားရာတွင် ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့မှုကိုပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည်ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရမှ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသကဲ့သို့ စေတနာရှင် အလှူရှင်များအနေဖြင့် တတ်နိုင်သရွေ့ လှူဒါန်းခြင်းများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြကြောင်း၊ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်ရန်အတွက် အလှူငွေပေးအပ်ပွဲများ ဆောင်ရွက်ခဲ့ရာတွင် ပထမအကြိမ်၌ ငွေကျပ် ၃၂ ဘီလီယံကျော် ရရှိခဲ့ပြီး ဒုတိယအကြိမ်တွင် ငွေကျပ် ၁၀ ဘီလီယံကျော် ရရှိခဲ့ကြောင်း၊ စေတနာရှင်အလှူရှင်များအနေဖြင့်လည်း အခက်အခဲများကြားမှ လှူဒါန်းခဲ့ကြခြင်းဖြစ်ပြီး ထင်မှတ်မထားလောက်သည့် များပြားသော အလှူငွေပမာဏများဖြစ်ကြောင်း၊ ယနေ့တွင်ပြုလုပ်သည့် တတိယအကြိမ် အလှူငွေပေးအပ်ပွဲသို့စိတ်စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လာရောက် လှူဒါန်းပေးကြသည့်အတွက်လည်း စေတနာရှင် အလှူရှင်များအားလုံးကို နိုင်ငံတော်အနေဖြင့် ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကျရောက်သည့် အခြေအနေများကြုံတွေ့ချိန်၌ လူတစ်ဦးချင်းနှင့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်း အသီးသီးမှလည်း လှူဒါန်းမှုများ ရှိကြောင်း၊ အလားတူ ဒေသအသီးသီးတွင်လည်း လူမှုရေးအသင်းအဖွဲ့များနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအလိုက် ၎င်းတို့အစီအစဉ်ဖြင့် လိုက်လံကူညီ လှူဒါန်းပေးနေခြင်းများရှိပြီး ၎င်းတို့လှူဒါန်းသည့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းစဉ်။

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

ပစ္စည်းအင်အား၊ ငွေအင်အားများမှာလည်း များပြားကြသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ကူညီဆောင်ရွက်ပေးနေမှုများ အပေါ်လည်း အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ချိန်တွင်လည်း နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းခဲ့ကြကြောင်း၊ မိမိတို့နိုင်ငံသားများအနေဖြင့် လူမှုရေးကိစ္စရပ်များတွင် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုသည့် စိတ်ရင်းစေတနာများ၊ အခြေခံစိတ်ဓာတ်ကောင်းများကို ဝမ်းမြောက် ဂုဏ်ယူဖွယ်ရာတွေ့မြင်ရခြင်းပင်ဖြစ်ကြောင်း။

ယခုဖြစ်စဉ်တွင် ရေဘေးဒဏ်သင့်ခဲ့ရသည့်ပြည်သူများအနေဖြင့် ရုတ်တရက် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ချိန်တွင် လက်လှမ်းမီသည့် ရရာပစ္စည်းများကိုသာယူ၍ ဘေးလွတ်ရာသို့ ရေဘေးရှောင်ခဲ့ရခြင်း ဖြစ်သည့်အတွက် တစ်ဦးချင်းစီအလိုက်၊ မိသားစုချင်းစီအလိုက် ပျက်စီးဆုံးရှုံးမှုပမာဏများ များပြားကြောင်း၊ ယခင် နှစ်ပေါင်းများစွာကတည်းက ရေကြီးရေလျှံမှုတစ်ကြိမ်မျှဖြစ်ပေါ်ခဲ့ခြင်းမရှိသည့် ဒေသများ၌ မျှော်လင့်မထားသည့်ညအချိန်တွင် တောင်ကျရေများ ရုတ်တရက်အရှိန်အဟုန် အလုံးအရင်းဖြင့် စီးဆင်းလာခြင်းကြောင့် အချို့မှာ ရှောင်တိမ်းချိန်မရဘဲ အသက်ဆုံးရှုံးခဲ့ရမှုများလည်း ရှိကြောင်း၊ မိမိတို့နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအနက် ပျက်စီးမှုအများဆုံးပင်ဖြစ်ကြောင်း၊ လူနေအိမ်များနှင့် စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ လျှပ်စစ်တာဝါတိုင်များလည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ အလားတူ မွေးမြူရေးတိရစ္ဆာန်များလည်း သေဆုံးခဲ့ရကြောင်း။

ရေဘေးသင့်ခဲ့ရသည့် ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလှူရှင်များ အနေဖြင့်လည်း ယခုကဲ့သို့ တစ်ဖက်တစ်လမ်းမှ ပါဝင် လှူဒါန်းပေးခြင်းကြောင့် လုပ်ငန်းများ ပိုမိုမြန်ဆန်စွာဖြင့် ပြီးမြောက်နိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ဘီလီယံ ၅၀ ကျော်ရှိပြီဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နှစ်စဉ်ဖြစ်ပေါ်လာခဲ့သည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လိုအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် အင်းလေးကန်၌ ရေကျဆင်းမှု မရှိသေးကြောင်း၊ အလားတူ လောပိတနှင့်အထက်ပေါင်းလောင်းတို့တွင်လည်း ရေဝင်ရောက်မှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးထံ စေတနာရှင်၊ အလှူရှင်များက အလှူငွေ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေ ပေးအပ်လှူဒါန်းစဉ်။

☆ **ရေဘေးသင့်ခဲ့ရသည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလှူရှင်များအနေဖြင့်လည်း ယခုကဲ့သို့ တစ်ဖက်တစ်လမ်းမှ ပါဝင်လှူဒါန်းပေးခြင်းကြောင့် လုပ်ငန်းများ ပိုမိုမြန်ဆန်စွာဖြင့် ပြီးမြောက်နိုင်မည်**

☆ **လက်ရှိအချိန်အထိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ဘီလီယံ ၅၀ ကျော်ရှိပြီဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နှစ်စဉ် ဖြစ်ပေါ်လာခဲ့သည့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လိုအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိ**

☆ **လက်ရှိအချိန်တွင် အင်းလေးကန်၌ ရေကျဆင်းမှု မရှိသေးကြောင်း၊ အလားတူ လောပိတနှင့် အထက်ပေါင်းလောင်းတို့တွင်လည်း ရေဝင်ရောက်မှု များပြားနေသောကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို လုပ်ဆောင်၍ မရသေးကြောင်း၊ မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ အချိန်ယူ၍ ဆောင်ရွက်သွားရမည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစောထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေ ပေးအပ်လှူဒါန်းစဉ်။

များပြားနေသောကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို လုပ်ဆောင်၍ မရသေးကြောင်း၊ မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ အချိန်ယူ၍ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ မိုးများသည်းထန်စွာ ရွာသွန်းခဲ့ချိန်တွင် ဆည်မြောင်းများအတွင်း ရေများ ဝင်ရောက်လျက်ရှိခြင်းကြောင့် စိုက်ပျိုးရေအတွက် လုံလောက်စွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးခဲ့ရသည့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် အရင်းအနှီးများကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တက်ရောက်လာကြသည့် စေတနာရှင်၊ အလှူရှင်များအနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မည် ဆိုပါက ထိခိုက်ခဲ့ရသည့် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်မည်ဖြစ်သကဲ့သို့ ကုန်ထုတ်လုပ်မှုများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် စိတ်ပါဝင်စားပါက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

ပြည်တွင်း ကုန်ပစ္စည်းထုတ်လုပ်မှု ကောင်းမွန်မှသာ ပို့ကုန်များ ရရှိမည်ဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံ၏သယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲခြင်းမှာ ပြန်လည်ဖြည့်တင်းရန် ကန့်သတ်ချက်များ ရှိခြင်းကြောင့် အတတ်နိုင်ဆုံး ထုတ်ယူသုံးစွဲခြင်းကို မပြုလုပ်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေထက်ဝက်ခန့်မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ Non Trade နှင့်ပတ်သက်၍သက်ဆိုင်ရာကဏ္ဍအလိုက် ရငွေများရှိကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ နည်းပါးလျက်ရှိခြင်းကြောင့် ပြည်တွင်း၌ ကုန်ထုတ်လုပ်မှုများ မြှင့်တင်နိုင်ရေး လုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံပြီး ဆောင်ရွက်ကြစေလိုကြောင်း။

ရေဘေးသင့်မှုကြောင့် ယာယီပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်လျက် ရှိကြောင်း၊ ပညာရေးနှင့် ပတ်သက်၍ နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အခြားလိုအပ်သည့် ပရိဘောဂပစ္စည်းများနှင့် အသုံးအဆောင် ပစ္စည်းများကိုလည်း အလှူရှင်များအနေဖြင့် လှူဒါန်းပေးနိုင်ကြောင်း၊ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအပြင် ၎င်းတို့ ကြုံတွေ့ခံစားခဲ့ရသည့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကိုလည်း ပြန်လည်ကုစားပေးနိုင်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် ပျက်စီး ဆုံးရှုံးခဲ့ရမှုများအတွက် အတတ်နိုင်ဆုံး ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေး တွက်ချက်ဆောင်ရွက်လျက် ရှိကြောင်း၊ ယနေ့ ရေဘေးသင့်ဒေသများအတွက် လှူဒါန်းမှုများသည် တန်ဖိုးမဖြတ်နိုင်သည့် လှူဒါန်းမှုများပင်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေး လုပ်ဆောင်ခြင်းမဟုတ်ဘဲ နိုင်ငံ့အရေးအတွက် တိုင်းပြည်ကောင်းအောင် ဆောင်ရွက်နေခြင်းသာ ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံ့အရေးအတွက် အားတက်သရောလာရောက် လှူဒါန်းပေးမှုများအတွက်လည်း စေတနာရှင်၊ အလှူရှင်များကို နိုင်ငံတော်အနေဖြင့် အထူးပင် အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်းကို ထပ်လောင်း ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတနာရှင်၊ အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သည့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ် လှူဒါန်းပွဲအခမ်းအနားတွင် ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် အလှူငွေ စုစုပေါင်း ငွေကျပ် ၁၁ ဒသမ ၉၇ ဘီလီယံကျော်ကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စာဆိုဗိမာန်သုံးထပ်အဆောက်အဦတည်ဆောက်ခြင်း ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၉

မြန်မာနိုင်ငံတွင် ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြု ချီးမြှင့်သည့် အထိမ်းအမှတ်အနေဖြင့် တည်ဆောက်မည့် စာဆိုဗိမာန် အဆောက်အဦ ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းရှိ အဆိုပါမြေနေရာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

### တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာကြီးများနှင့် ဆရာမကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားမှူးက မင်္ဂလာအခါတော် စာတမ်းကို ဖတ်ကြားပြီး မင်္ဂလာအချိန်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာဆိုဗိမာန်အဆောက်အဦတည်ဆောက်မည့် ဗဟိုနေရာ၌ ရတနာပန္နက်တိုင်ကို စိုက်ထူပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

### အမွှေးနံ့သာရည်ပက်ဖျန်းပေး

ယင်းနောက် တက်ရောက်လာကြသည့် ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာကြီး၊ ဆရာမကြီးတို့က သတ်မှတ်နေရာများ၌ အစီအစဉ်အတိုင်း ပန္နက်တော်တင်ကြပြီး ပန္နက်တော်များအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

### ရွှေမိုးငွေမိုးများ ရွာသွန်းပေး

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာဆိုဗိမာန်အဆောက်အဦ ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနား အောင်မြင်စွာပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းပေးသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ စာဆိုဗိမာန်တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံ၏ အကူအညီ အထောက်အပံ့ဖြင့် သုံးထပ် အဆောက်အဦအဖြစ်

စာမျက်နှာ ၆ သို့ ✻



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စာဆိုဗိမာန်အဆောက်အဦတည်ဆောက်မည့် ဗဟိုနေရာ၌ ရတနာပန္နက်တိုင် စိုက်ထူပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး သတ်မှတ်နေရာ၌ ပန္နက်တော်တင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး သတ်မှတ်နေရာ၌ ပန္နက်တော်တင်စဉ်။



မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur သတ်မှတ်နေရာ၌ ပန္နက်တော်တင်စဉ်။



အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာမကြီး မစန္ဒာနှင့်အဖွဲ့ သတ်မှတ်နေရာ၌ ပန္နက်တော်တင်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စာဆိုဗိမာန်သုံးထပ်အဆောက်အဦ တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

* စာမျက်နှာ ၅ မှ

တည်ဆောက်သွားမည့် အခြေအနေများ၊ အဆောက်အအုံအား စနစ်တကျ တည်ဆောက်နိုင်ရေး ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စာဆိုဗိမာန်အား အထပ်အလိုက် ပြခန်းများ ခင်းကျင်းပြသသွားမည့် အခြေအနေများနှင့် ယခင်အဆောက်အအုံအား စာပေဗိမာန် ပြည်သူ့ စာကြည့်တိုက်အဖြစ် ပြင်ဆင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**စနစ်တကျထားရှိ**

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆောက်အအုံများအား စနစ်တကျတည်ဆောက်သွားရန်နှင့် ရှေးစာဆိုတော်ကြီးများ၏ ခေတ်အလိုက် ပန်းချီများ၊ ဓာတ်ပုံများ၊ ရုပ်တုများကို ကြိုတင်၍ ရနိုင်သလောက် စုဆောင်းထားရှိရန် လိုကြောင်း၊ ဂီတစာဆိုတော်ကြီးများ၏ မှတ်တမ်းများနှင့် ပတ်သက်၍လည်း ကြိုတင်စုဆောင်းထားရှိရန် လိုကြောင်း၊ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်ကို ဆောင်ရွက်ရာတွင်လည်း စာပေများကို ဖတ်ရှုနိုင်ရန်အတွက် စာဖတ်ခန်းများကို အဓိကထည့်သွင်း၍ စနစ်တကျဖြင့် ထားရှိသွားရန် လိုကြောင်းနှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနားတက်ရောက်လာကြသည့် အမျိုးသား စာပေတစ်သက်တာဆုရ စာရေးဆရာကြီး၊ ဆရာမကြီးများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်၊

အဆိုပါစာဆိုဗိမာန် အဆောက်အအုံကို သုံးထပ်အဆောက်အအုံအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်ပြီးစီးပါက စာပေဖွံ့ဖြိုးမှုဆိုင်ရာ ဆောင်ရွက်မှုသမိုင်းမှတ်တမ်း ဓာတ်ပုံများ၊ စာဖတ်ခန်းနှင့် စာကြည့်တိုက်၊ သမိုင်းဝင် ဂီတအနုပညာများ ခင်းကျင်းပြသမည့် ပြခန်းများ၊ ပေပုရပိုက်များ ခင်းကျင်းပြသမည့် ပြခန်းများ၊ သမိုင်းဝင်ကဗျာများ ခင်းကျင်းပြသမည့် ပြခန်းများ၊ စာပေဆုရခဲ့ဖူးသော စာအုပ်စာပေများ ခင်းကျင်းပြသမည့်ပြခန်းများ၊ မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားခဲ့သည့် ခေတ်သုံးခေတ်မှ စာဆိုတော်ကြီးများ၊ တစ်သက်တာစာပေဆု ရရှိခဲ့ကြသည့် စာပေပညာရှင်များနှင့် ကဗျာဆရာများ၏ ရုပ်တုများ ထားရှိသည့် ပြခန်းများကို ထည့်သွင်းထားရှိသွားမည် ဖြစ်သည်။

ယခင် စာပေဗိမာန်စာကြည့်တိုက်သည် စာပေဗိမာန် သုံးထပ်အဆောက်အအုံ၏ ပထမထပ်တွင် တည်ရှိပြီး ယခုတိုးတက်လာသည့် လူဦးရေနှင့် မြို့ပြဖွံ့ဖြိုးမှုအခြေအနေများအရ ယခုအခါနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် "အမှောင်ခွင်း၍ အလင်းဆောင်အုံ" ဟူသော စာပေဗိမာန်၏ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားများ အသိဉာဏ်ပညာ တိုးပွားစေရန်၊ မြန်မာစာပေဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေရန်၊ ပြည်သူများ ဗဟုသုတဖြစ်စေရန်နှင့် စာဖတ်သည့်အလေ့အကျင့်များတိုးပွားစေရန် ရည်ရွယ်၍ ယခင် အဆောက်အအုံအား ပြန်လည်ပြုပြင်မွမ်းမံ၍ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်အဖြစ် ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့် အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာကြီး၊ ဆရာမကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**စာဆိုဗိမာန်အဆောက်အအုံကို သုံးထပ်အဆောက်အအုံအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်ပြီးစီးပါက စာပေဖွံ့ဖြိုးမှုဆိုင်ရာဆောင်ရွက်မှု သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ စာဖတ်ခန်းနှင့် စာကြည့်တိုက်၊ သမိုင်းဝင်ဂီတအနုပညာများ ခင်းကျင်းပြသမည့်ပြခန်းများ၊ ပေပုရပိုက်များ ခင်းကျင်းပြသမည့် ပြခန်းများ၊ သမိုင်းဝင်ကဗျာများ ခင်းကျင်းပြသမည့် ပြခန်းများ၊ စာပေဆုရခဲ့ဖူးသော စာအုပ်စာပေများ ခင်းကျင်းပြသမည့်ပြခန်းများ၊ မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားခဲ့သည့် ခေတ်သုံးခေတ်မှ စာဆိုတော်ကြီးများ၊ တစ်သက်တာစာပေဆု ရရှိခဲ့ကြသည့် စာပေပညာရှင်များနှင့် ကဗျာဆရာများ၏ ရုပ်တုများ ထားရှိသည့်ပြခန်းများကို ထည့်သွင်းထားရှိသွားမည်**

# ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံဝန်ထမ်းများနှင့် တွေ့ဆုံ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



**ညောင်ဦး အောက်တိုဘာ ၉**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန၊ ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံတွင် အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီက ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပသည်။

အခမ်းအနားတွင် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်းအုပ်ကြီးက လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် လုပ်ငန်းခွင်အားသာချက်၊ အားနည်းချက်များ တင်ပြရန်နှင့် ကျန်းမာရေး အသိရှိရန်၊ စာပေများ ဖတ်ရှုကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယကျောင်းအုပ်ကြီး(စီမံ)က သက်ဆိုင်ရာဌာနခွဲအလိုက် လုပ်ငန်းခွင်စည်းကမ်းနှင့်အညီ နေထိုင်ကြရန်၊ လုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းများက လိုအပ်သည်များ၊ ဆောင်ရွက်ချက်များတင်ပြရာ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး (စီမံ)တို့က လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

(ဝ၄၅)

★ စာမျက်နှာ ၂၄ မှ

ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ပြတ်ပြတ်သားသား တားဆီးကာကွယ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့၏ တရားမဝင်ကုန်သွယ်မှု တရားမဝင်တိုက်ဖျက်ရေး ဦးဆောင်ကော်မတီနှင့် အဆင့်ဆင့်သော ပြည်နယ်နှင့်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ အသီးသီးတို့၏ လုပ်ငန်းတာဝန်များအနက် အဓိကမှာ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး အဟန့်အတားဖြစ်စေမည့် တရားမဝင်ကုန်သွယ်မှုကိစ္စများနှင့် တရားမဝင်ကုန်သွယ်မှုကိစ္စများကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်နေကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက် ယှဉ်ပြိုင်နိုင်မှုစွမ်းဆောင်ရည်နှင့် စွမ်းဆောင်နိုင်မှုအားများကို ယုတ်လျော့စေခြင်း၊ ယှဉ်ပြိုင်နိုင်မှု ဆုတ်ယုတ်စေခြင်း၊ မဖြစ်ပေါ်စေခြင်းအလို့ငှာ တရားမဝင်ကုန်သွယ်မှု လုပ်ဆောင်နေခြင်းများကို ပြတ်ပြတ်သားသား တားဆီးကာကွယ်ရမည့်တာဝန်ဖြစ်ကြောင်း၊ သို့မှသာ ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုမှတစ်ဆင့် ပို့ကုန်ကဏ္ဍနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍ မြင့်မားတိုးတက်လာစေခြင်း၊ ၎င်းမှတစ်ဆင့် ပြည်တွင်းသုံးစွဲမှု ငွေလည်ပတ်မှု အားကောင်းစေမည့် ကဏ္ဍအပါအဝင် နောက်ဆုံးပြည်ပပို့ကုန် တင်ပို့နိုင်မှုကို ပိုမိုဖွံ့ဖြိုးတိုးတက်စေလျက် နိုင်ငံခြားငွေ စီးဆင်းမှုကလည်း မြန်ဆန်သွက်လက်မှု ဖြစ်ပေါ်စေပြီး နိုင်ငံ၏ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုအခန်းကဏ္ဍ အပိုင်းဘက်ကလည်း တစ်ပါတည်း လိုက်ပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ မိမိတို့၏ လုပ်ငန်းတာဝန်များသည် ကြီးမားပြီး တရားမဝင်ကုန်သွယ်မှုကို မဖြစ်မနေ တားဆီးကာကွယ်ကြရမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် သယံဇာတပေါကြွယ်ဝပြီး စိုက်ပျိုးရေးကို အဓိကအခြေခံသော နိုင်ငံဖြစ်သည့်အတွက် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရာတွင် သဘာဝသယံဇာတထုတ်ကုန်များနှင့် စိုက်ပျိုးရေးထွက်ကုန်များ အဓိကထုတ်လုပ်ခြင်းများကို အားပေးနေရမည်ဖြစ်သကဲ့သို့ ထုတ်ကုန်တိုးတက်ထုတ်လုပ်နိုင်ရေး၊ ပြည်ပပို့ကုန်အမည်သစ်များ တင်ပို့နိုင်ရန်အတွက်လည်း နိုင်ငံတော်မှ စီမံချက်များချမှတ် ဆောင်ရွက်နေသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း MSME လုပ်ငန်းများကိုလည်း အင်တိုက်အားတိုက် အားပေးဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် တရားမဝင်ကုန်သွယ်မှုများသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိက အဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်စေကြောင်း။

**❖ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး အဟန့်အတားဖြစ်စေမည့် တရားမဝင်ကုန်သွယ်မှုကိစ္စများနှင့် တရားမဝင်ကုန်သွယ်မှုကိစ္စများကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်နေကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းဆောင်ရည်နှင့် စွမ်းဆောင်နိုင်မှုအားများကို ယုတ်လျော့စေခြင်း၊ ယှဉ်ပြိုင်နိုင်မှု ဆုတ်ယုတ်စေခြင်း၊ မဖြစ်ပေါ်စေခြင်းအလို့ငှာ တရားမဝင်ကုန်သွယ်မှုလုပ်ဆောင်နေခြင်းများကို ပြတ်ပြတ်သားသား တားဆီးကာကွယ်**

**❖ ကမ္ဘာ့စီးပွားရေးဖိုရမ်၏ လေ့လာတွေ့ရှိချက်များအရ တရားမဝင်ကုန်သွယ်မှုများသည် ကမ္ဘာလုံးဆိုင်ရာ GDP ၏ ငါးရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိရှိပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကို ဆိုးရွားသောအကျိုးဆက်များ ဖြစ်ပေါ်စေနိုင်ကြောင်းကို သုံးသပ်ထား**

တရားမဝင်ကုန်သွယ်မှုများကိုထိရောက်စွာ တိုက်ဖျက်ရန် ဦးဆောင်ကော်မတီဖွဲ့စည်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့သည်မှာ (၁၆) ကြိမ် ရှိပြီဖြစ်ကြောင်း၊ အစည်းအဝေး(၁၅)ကြိမ်အထိ ဆုံးဖြတ်ချက် ၅၂၃ ချက်ချမှတ်ခဲ့ပြီး ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအထိ နှစ်နှစ်နှင့် ရှစ်လကာလအတွင်း အမှုတွဲ ၁၄၆၅၉ မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ်(၃၀၀ ဒသမ ၀၂၈)ဘီလီယံ ဖမ်းဆီးရမိခဲ့ကြောင်း၊ ယင်းပမာဏမှာ နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍဖြင့်ကြည့်လျှင် အနည်းငယ်သာရှိကြောင်း၊ ဖမ်းဆီးရရှိမှုကို ကြည့်ရမည်ဆိုပါက တရားမဝင်ကုန်သွယ်မှုများကို တိုးမြှင့်ဖမ်းဆီးရရှိနိုင်ရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**အများဆုံးဖမ်းဆီးရမိ**

၂၀၂၄ ခုနှစ်၊ ဇူလိုင်လနှင့်ဩဂုတ်လအတွင်း ဖမ်းဆီးရရှိမှုများတွင် အကောက်ခွန်ဦးစီးဌာနက အများဆုံးဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရရှိမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးက အများဆုံး၊ စစ်ကိုင်းတိုင်းဒေသကြီးက ဒုတိယအများဆုံးနှင့် ကချင်ပြည်နယ်က တတိယအများဆုံး ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကို စိစစ်ရာတွင် လိုင်စင်မဲ့ယာဉ်နှင့် တရားမဝင် ကုန်စည်တင်ယာဉ်ဖမ်းဆီးရရှိမှုများက အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးက လုပ်ငန်းသုံးကုန်ကြမ်းများဖြစ်ပြီး တတိယအများဆုံးက ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများဖြစ်ကြောင်း။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အနေဖြင့် တရားမဝင်ကုန်သွယ်မှု၏ အန္တရာယ်ကို အမြဲစောင့်ကြည့်ပြီး ထိန်းကျောင်းနိုင်ရန်အတွက် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက်၊ အကောက်ခွန်ဆိုင်ရာ သဘောတူညီချက်၊ နည်းပညာအဟန့်အတားများဆိုင်ရာ သဘောတူညီချက်နှင့် ကုန်သွယ်မှုနှင့်ဆက်နွှယ်သည့် မူပိုင်ခွင့်ဆိုင်ရာ သဘောတူညီချက်များပါဝင်သည့် ပြဋ္ဌာန်းချက်များကို အသုံးပြုပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကမ္ဘာ့စီးပွားရေးဖိုရမ်၏ လေ့လာတွေ့ရှိချက်များအရ တရားမဝင်ကုန်သွယ်မှုများသည် ကမ္ဘာလုံးဆိုင်ရာ GDP ၏ ငါးရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိရှိပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကို ဆိုးရွားသော အကျိုးဆက်များ ဖြစ်ပေါ်စေနိုင်ကြောင်းကို သုံးသပ်ထားကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံဖြစ်တော်ကျော် မဟာမိတ်အဖွဲ့၏ အစီရင်ခံစာတွင် တရားမဝင်ကုန်သွယ်မှုများအနေဖြင့် ပါဆယ်ထုပ်ငယ်များနှင့် အွန်လိုင်းဈေးဝယ်ယူမှု တိုးတက်လာခြင်း၊ အွန်လိုင်းဈေးကွက်များနှင့် e-Commerce Platform များ တိုးပွားလာခြင်းများက သိသာထင်ရှားသည့် တရားမဝင်ကုန်သွယ်မှုပမာဏ တိုးတက်စေခြင်းဖြစ်ကြောင်းကို ဖော်ပြထားကြောင်း၊ ထို့အပြင် လွတ်လပ်သည့် ကုန်သွယ်မှုဇုန်-Free Trade Zones (FTZs) များအနေဖြင့် တရားဝင်ကုန်သွယ်မှုမြှင့်တင်ရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန်အတွက် အထူးဒေသများအဖြစ် လွတ်လပ်စွာ ကုန်သွယ်မှုပြုထားသော်လည်း ပြန်လည်သုံးသပ်မှုများအရ တရားမဝင်ကုန်သွယ်မှုအတွက် အထူးစိုးရိမ်စရာ နေရာများဖြစ်သည်ဟု ဖော်ပြထားကြောင်း၊ မိမိတို့၏ သီလဝါ အထူးစီးပွားရေးဇုန်တွင်လည်း တရားမဝင်ကုန်ပစ္စည်း တင်သွင်းခွင့်ရရှိမှုအပေါ် ကျော်လွန်၍ တရားမဝင်ကုန်သွယ်မှု ပြုလုပ်ခြင်းအပါအဝင် နိုင်ငံအတွင်း ထုတ်လုပ်ဖြန့်ဖြူးခွင့်ရရှိမှုအပေါ် အချို့သော FDI များက ကုန်ထုတ်လုပ်မှုအားဟန်ပြသာဆောင်ရွက်၍ ပြည်ပမှပင် ကုန်ချောပစ္စည်းများကို ဈေးပေါပေါဖြင့် တင်သွင်းဆောင်ရွက်နေခြင်းများကိုလည်း သတိပြု တိုက်ဖျက်ရမည်ဖြစ်ကြောင်း၊ ကျန်ဆောင်ရွက်ဆဲ အထူးစီးပွားရေးဇုန်များမှတစ်ဆင့် ပြည်တွင်းစက်မှုဇုန်များ၌လည်း အထက်ပါကိစ္စရပ်များ မဖြစ်ပေါ်စေရေးဂရုပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံများအနေဖြင့် မည်သည့်နိုင်ငံကမှ တရားမဝင်ကုန်သွယ်မှုများကို အမြစ်ပြတ်အောင် မလုပ်ဆောင်နိုင်သေးကြောင်းကို တွေ့ရှိရပြီး မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်း ရောင်းဝယ်မှုများနှင့် ငွေကြေးခဝါချမှုများကို သီးခြားနည်းလမ်းရွေးချယ်ပြီး တားဆီးကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ပြေးညီဆောင်ရွက်ပါက စည်းကမ်းလိုက်နာသူများပါ နှောင့်နှေးနစ်နာပြီး အခြားနိုင်ငံများနှင့် ဈေးကွက်ရအောင် ယှဉ်ပြိုင်ရာတွင် ခက်ခဲမှုများ ရှိလာနိုင်သည်ကိုလည်း ဂရုပြုကြရန် လိုကြောင်း။

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ ထိုသို့ ဖွံ့ဖြိုးတိုးတက်စေရန် အဓိကစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး စီးပွားရေးလုပ်ငန်းများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးရန် နိုင်ငံတော်မှ တာဝန်ပေးအပ်ထားသည့် ဝန်ကြီးဌာနအသီးသီးကလည်း ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်များကို အပြည့်အဝအောင်မြင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့၊ သွင်းအားစုအပါအဝင် တိရစ္ဆာန်အစာ၊ ကာကွယ်ဆေးကဲ့သို့ လိုအပ်ချက်များကိုလည်း စိုက်ပျိုးမွေးမြူသူ တောင်သူများလက်ဝယ်သို့ ရာသီကာလအလိုက် တောင်သူများလက်ဝယ်သို့ အချိန်မီရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း ဦးစားပေးမှုကို အခွင့်ကောင်းယူပြီး မလိုလားအပ်သည့် ကုန်ပစ္စည်းများကို ရောနှောသယ်ဆောင်မှု မရှိစေရေးနှင့် အကြိမ်ကြိမ်တင်သွင်းခွင့်များ မရှိစေရေးကိုလည်း သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် စနစ်တကျတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့အပြင် တရားမဝင်ကုန်စည်များ နယ်စပ်ဖြတ်ကျော် တင်သွင်းလာခြင်းကြောင့် ပြည်ပနိုင်ငံများက တစ်ဆင့်ကူးစက်ရောဂါပိုးများ ပါဝင်လာပါက ပြည်တွင်း စိုက်ပျိုးမွေးမြူထုတ်လုပ်သည့် လုပ်ငန်းများတွင် ရောဂါကူးစက်ကာ ထိခိုက်ဆုံးရှုံးမှုများ ပေါ်ပေါက်စေမည်ဖြစ်ပြီး တရားမဝင်ဆေးဘက်ဆိုင်ရာ ပစ္စည်းများနှင့် အလှကုန်များကြောင့်လည်း ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်စေပြီး အရည်အသွေးပြည့်မီခြင်းမရှိသည့် အိမ်သုံးလျှပ်စစ်ပစ္စည်းအတုများကြောင့် မီးဘေးအန္တရာယ်ကြုံတွေ့ရနိုင်သည်ကိုလည်း သတိပြုရန် လိုအပ်မည်ဖြစ်ကြောင်း။

ကုန်စည်တင်သွင်းမှုများတွင် အခွန်ပေးဆောင်ခြင်းမရှိဘဲ စံချိန်စံညွှန်းနှင့် အရည်အသွေးမပြည့်သည့် တရားမဝင်ကုန်စည်များ တင်သွင်းခြင်းကြောင့် နိုင်ငံခြားသုံးငွေ မှောင်ခိုဈေးကွက်အားကောင်းလာစေပြီး တစ်ဖက်တွင်လည်း တရားမဝင် သယ်ယူရောင်းချရသည့်အတွက် တစ်ဖက်ကုန်သွယ်ဖက် နိုင်ငံများက ကုန်သည်များ၏ လိုသလိုဈေးကစားခွင့် ဖြစ်ပေါ်စေကြောင်း၊ တရားမဝင်ဆောင်ရွက်သည့်လုပ်ငန်းများ အားကောင်းလာခြင်းကြောင့်လည်း ပြည်တွင်းဈေးကွက်တွင် ကုန်ဈေးနှုန်းတည်ငြိမ်မှုကို ထိခိုက်စေကြောင်း။

တရားမဝင်တင်သွင်းခြင်းများကြောင့် အကျိုးဆက်အနေဖြင့် တရားဝင်လုပ်ငန်းများ ပြည်တွင်းတွင် ဈေးနှုန်းမယှဉ်နိုင်ဘဲ ဈေးကွက်ဝေစု ပေးလိုက်ရခြင်းကြောင့် ရေရှည်တွင် လုပ်ငန်းရပ်တည်နိုင်ရန် ခက်ခဲလာစေပြီး တရားဝင်ရပ်တည် လုပ်ကိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးအင်အား လျော့နည်းကျဆင်းလာကာ ရေရှည်အတွက် လုပ်ငန်းတိုးချဲ့လိုစိတ်မရှိတော့ဘဲ လုပ်ချင်ကိုင်ချင်စိတ်များ ကျဆင်းလာနိုင်ကြောင်း၊ နောက်ဆုံးတွင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရပ်ဆိုင်းသွားနိုင်ကြောင်း၊ နိုင်ငံအတွင်း လုပ်ငန်းများ ရှင်သန်ကြီးထွားနိုင်ခြင်းမရှိပါက နိုင်ငံ၏စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်လာစေမည်ဖြစ်ကြောင်း၊ စီမံကိန်းများ အောင်မြင်မှုမရှိဘဲ စိုက်ပျိုးစွမ်းအား၊ ကုန်ထုတ်စွမ်းအား၊ ကုန်သွယ်မှုနှင့် ကူးသန်းရောင်းဝယ်မှု စွမ်းအားများကို ထိခိုက်စေကြောင်း။

**အဓိကစိန်ခေါ်မှုပြဿနာ**

တရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်ရခြင်းနှင့်ပတ်သက်၍ အကြောင်းရင်းများစွာရှိသည့်အနက် အဓိကစိန်ခေါ်မှုပြဿနာမှာ နိုင်ငံ၏နယ်စပ်ဒေသအချို့နေရာများတွင် လုံခြုံရေးအရ စောင့်ကြည့်ထိန်းသိမ်းရန် ကန့်သတ်ချက်များရှိနေခြင်း၊ အချို့ဥပဒေရေးရာများတွင် အားနည်းမှုရှိခြင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရသည့် ဝန်ထမ်းအင်အား မလုံလောက်ခြင်းနှင့် အကျင့်ပျက်မှုများ ရှိနေခြင်းကလည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် စိန်ခေါ်မှုများအဖြစ် တွေ့ရှိရကြောင်း၊ အဆိုပါအချက်များကိုလည်း အတတ်နိုင်ဆုံး ကာကွယ်တားဆီးရန် လိုအပ်ကြောင်း။

ထို့အပြင် နိုင်ငံတော်၏ လိုအပ်ချက်အရ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချပြီး သွင်းကုန်ပစ္စည်းတင်သွင်းမှုကို စိစစ်ကန့်သတ်မှုအပေါ်တွင် အခွင့်ကောင်းယူပြီး ပြည်တွင်းလိုအပ်ချက်ရှိသည့် ကုန်စည်များကို တရားမဝင်တင်သွင်းမှုများပြုလုပ်နေသည်ကို ယခုကာလအတွင်း အများဆုံးတွေ့ရှိရကြောင်း၊ ၎င်းကို ထိထိရောက်ရောက် တားဆီးစစ်ဆေးဖမ်းဆီးနိုင်ရန်လိုပြီး မဆောင်ရွက်နိုင်ပါက နိုင်ငံအတွက်အခွန်ဝင်ငွေမရရှိဘဲ တရားမဝင်ကုန်သွယ်မှုများ ကြီးထွားလာနိုင်သကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းအသီးသီးကိုလည်း သက်ဆိုးရှည်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုကို ထိထိရောက်ရောက် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်တားဆီးရန် လိုကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် စစ်ဆေးရေးဂိတ်များတွင် မလိုလားအပ်သည့် ကုန်ကျစရိတ်များ၊ အချိန်ကြန့်ကြာမှုများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် တရားမဝင်ရှောင်ကွင်းလမ်းများတွင် ရှောင်တခင်စစ်ဆေးခြင်း၊ မဖြစ်မနေဖြတ်သန်းသွားလာမည့်နေရာများတွင် စနစ်တကျစစ်ဆေးခြင်းများအပြင် နိုင်ငံ၏သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်မှု မရှိစေရေးနှင့် တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက် ပိုမိုတားဆီးစစ်ဆေးပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရန်လိုကြောင်း။

စာမျက်နှာ ၈ သို့ ➔

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြော

**တန့်ယန်း အောက်တိုဘာ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီမှကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀နာရီက အမှတ်(၂)ရပ်ကွက်၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုး၊ မြို့နယ်ဥပဒေအရာရှိ ဦးထက်လင်းဟန်၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ဝင်းကိုကိုတို့က မော်တော်ယာဉ်အသုံးပြုသူများနှင့် လမ်းအသုံးပြုသူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအား ပရိုဂျက်တာဖြင့် အသိပညာပေးဟောပြောခဲ့ကြကာ အခမ်းအနားတက်ရောက်လာကြသော ရပ်ကွက်နေပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



(ဓဝံပုံ)

မြို့နယ်(ပြန်/ဆက်)



## ရာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုများ ရှင်းလင်း

**ပျဉ်းမနား အောက်တိုဘာ ၉**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်များရှိ ရာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာလဆန်းက ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုများပြားပြီး ရေကြီးရေလျှံမှုနှင့်ရေလွှမ်းမိုးမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့် ပျဉ်းမနားမြို့နယ်၊ ဦးကျေးရပ်ကွက်၊ အခြေခံပညာ အလယ်တန်းကျောင်းဝင်းအတွင်း ရေဝင်ရောက်မှုကြောင့် တင်ကျန်ခဲ့သည့် ရေများ၊ ရွှံ့နွံများအား ရှင်းလင်းရေးလုပ်ငန်းများကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းမှ ညနေပိုင်းအထိ မီးသတ်စက်များ အသုံးပြု၍ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ နယ်မြေ(၆) အောင်သီဟလမ်းတွင် ရေဝင်ရောက်မှုကြောင့် တင်ကျန်ခဲ့သော ရေများအား အောက်တိုဘာ ၈ ရက်က မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှသန္နေမီးသတ်တပ်ဖွဲ့ဝင်များက ရေစုပ်ထုတ်ခြင်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## မိုင်းဆတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ အောက်တိုဘာ ၇ရက် နံနက် ၅နာရီက သက်သေများနှင့်အတူ မိုင်းဆတ်မြို့နယ်၊ မယ်နင်ကျေးရွာအနီးတွင် ခါးကျင် ဆိုသူ မောင်းနှင်ပြီး ရှာမွေ ဆိုသူ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ခွကြားတွင် သယ်ဆောင်လာသော ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ပြားအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ခါးကျင်(၃၃)နှစ်ဆိုသူနှင့် ရှာမွေ(၃၁)နှစ်ဆိုသူတို့အား မိုင်းဆတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။

(အပေါ်ဓပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀

## မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက်လမ်းပေါ်တွင် သစ်ပင်လဲကျ ရှင်းလင်းဖယ်ရှားပေး

**မင်းဘူး အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ်(၁)ရပ်ကွက်၊ စက္ကိန်းတဲရပ်၊ စာတိုက်ရှေ့လမ်းပေါ်တွင် အောက်တိုဘာ ၈ရက် မွန်းလွဲ ၁ နာရီခန့်က မိုးရွာသွန်းပြီး လေတိုက်မှုကြောင့် လုံးပတ် ၅ပေ အမြင့် ၃၂ ပေခန့်ရှိ သစ်ပင်လဲကျ၍ လမ်းမပေါ်တွင် သစ်ကိုင်းများ ပိတ်နေကြောင်း သတင်းရရှိသဖြင့် မင်းဘူးမြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေး သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ သွားရောက်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ သစ်ပင်လဲကျမှုကြောင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၄၅)





## ရပ်စောက်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၇ ရက် နံနက် ၉နာရီခွဲက သက်သေများနှင့်အတူ ရပ်စောက်မြို့နယ်၊ ကျောက်ဂူ - ရပ်စောက်သွားကားလမ်းတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် နိုင်ကိုထက် ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀၀ ပြားအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် နိုင်ကိုထက်(၂၄)နှစ်ဆိုသူအား ရပ်စောက်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀

### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ) အတွင်းယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံး၀) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

## ရန်ကုန်တိုင်း လူမှုရေးဝန်ကြီးဟောင်း ဦးနိုင်ငံလင်း ထောင်ထဲတွင် ခြေထောက်ကျိုး၍ ဆေးကုသမှုခံယူရသည်ဟု မဟုတ်မမှန် လုပ်ကြံရေးသားဖော်ပြ

နေပြည်တော် အောက်တိုဘာ ၉

Mizzima-News in Burmese အမည်ခံ FaceBook Page တွင် အောက်တိုဘာ ၃ ရက်က ရန်ကုန်တိုင်း လူမှုရေးဝန်ကြီးဟောင်း ဦးနိုင်ငံလင်း ထောင်ထဲတွင် ခြေထောက်ကျိုး၍ ဆေးကုသမှုခံယူ ခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှား မဟုတ်မမှန် လုပ်ကြံရေးသားဖော်ပြခဲ့ကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်အားစိစစ်ရာ ရန်ကုန်တိုင်း လူမှုရေးဝန်ကြီးဟောင်း အကျဉ်းသား နိုင်ငံလင်းအား အကျဉ်းထောင်သို့ ရောက်ရှိသည်မှစ၍ အဆောင်တာဝန်ကျ အရာရှိနှင့် ဝန်ထမ်းများက စည်းကမ်းတကျစောင့်ကြပ်ထိန်းသိမ်းထားရှိကြောင်း၊ ၎င်းသည် ကျန်းမာရေးကောင်းမွန်လျက်ရှိပြီး ထောင်အတွင်း ချော်လဲခြင်း၊ ခြေထောက်ကျိုးခြင်း၊ စတီးချောင်း ထည့်ထားသည်ဆိုခြင်းမှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

ထို့ကြောင့် Mizzma Media အမည်ခံ FaceBook Page က ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းဖြစ်ပြီး အကျဉ်းထောင်၏လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် သတင်းတု သတင်းမှား ဖော်ပြခြင်းသာဖြစ်သည်။

သစ္စာ

## မြိုင်မြို့နယ်၌ ယာခင်းထဲအလုပ်လုပ်ကိုင်နေသည့် အမျိုးသမီးငါးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသား ဖြန့်ဝေ

နေပြည်တော် အောက်တိုဘာ ၉

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်တွင် ယာခင်းထဲ အလုပ်လုပ်ကိုင်နေသည့် အမျိုးသမီးငါးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများကို ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြိုင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ဆောင်ရွက်လျက်ရှိပြီး ဒေသခံ




ပြည်သူများအား မည်သည့်အကြောင်းနှင့်မျှ ဥပဒေမဲ့ဖမ်းဆီးခေါ်ဆောင်ခြင်း မရှိကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံမှုမရှိသူများအား ဥပဒေမဲ့ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ပစ်ခြင်းများ လုပ်ဆောင်လျက်ရှိရာ တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတစ်ဝန်း အကျဉ်းထောင်များတွင် ဆေးကုသခွင့်မရရှိ၍ နိုင်ငံရေးအကျဉ်းသားနှင့် အကျဉ်းသူ ၁၁ ဦး၊ CDM ရဲတစ်ဦး စုစုပေါင်း ၁၂ ဦးသေဆုံးဟု ခေတ်သစ်သတင်းဌာနက မဟုတ်မမှန်လုပ်ကြံသတင်းဖော်ပြ

နေပြည်တော် အောက်တိုဘာ ၉

Khit Thit Media အမည် Facebook Page တွင် အောက်တိုဘာ ၁ ရက်က နိုင်ငံတစ်ဝန်းအကျဉ်းထောင်များတွင် ဆေးကုသခွင့်မရရှိ၍ နိုင်ငံရေးအကျဉ်းသားနှင့် အကျဉ်းသူ ၁၁ ဦး၊ CDM ရဲတစ်ဦး စုစုပေါင်း ၁၂ ဦး သေဆုံးခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှား ရေးသားဖော်ပြခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

ဖြစ်စဉ်အား စိစစ်ရာတွင် အကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသားဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာဖြစ်ပြီး သေဆုံးအကျဉ်းသားအကျဉ်းသူ ၁၂ ဦးမှာလည်း ၎င်းတို့ပါရှိလာသည့် ရောဂါဝေဒနာများ ခံစားနေရသဖြင့် အကျဉ်းထောင်ဆရာဝန်နှင့် ပြင်ပပြည်သူ့ဆေးရုံကြီးများရှိ ဆရာဝန်များဖြင့် ဆေးဝါး ကုသပေးခဲ့သော်လည်း ရောဂါအခြေအနေများ ဆိုးရွားသောကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

ကျိုက်မရော ဗဟိုအကျဉ်းထောင်မှ အကျဉ်းသားရာရှင်(ခ) ဟာရှင်သည် နှလုံးသွေးကြောကျဉ်းရောဂါ၊ အကျဉ်းသား ပြည့်ဖြိုးအောင်သည် နှလုံးကြွက်သား အားနည်းရောဂါ၊ မကွေးဗဟို အကျဉ်းထောင်မှ အကျဉ်းသူ မစုမေအောင်သည် စိတ်ကျန်းမာရေးနှင့် အရေပြားလေးဘက်နာရောဂါ၊ ကျောက်ကပ်ရောင်ရောဂါ၊ အဆုတ်ရောင်ရောဂါ၊ ကလေးအကျဉ်းထောင်မှ အကျဉ်းသား ကြည်ရအောင်သည် ခုခံအားကျဆင်းမှုရောဂါ၊ အဆုတ်တီဘီရောဂါ၊ သွေးအားနည်းရောဂါ၊ မြင်းခြံဗဟို အကျဉ်းထောင်မှ အကျဉ်းသူ မရင်မိုးသည် နာတာရှည်ကျောက်ကပ် ပျက်စီးခြင်းရောဂါနှင့် သွေးအဆိပ်တက်ခြင်းရောဂါ၊ ဒိုက်ဦးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အေးဝင်းသည် နှလုံးကြီးခြင်းနှင့် နှလုံးကြွက်သား အားနည်းရောဂါ၊ အကျဉ်းသား ခင်စိုးသည် အစာအိမ်သွေးကြောပေါက်၍ သွေးတွင်း အဆိပ်တက်ခြင်းရောဂါ၊ အကျဉ်းသား လင်းလင်းထွန်းသည် နှလုံးကြွက်သား ပျက်စီးခြင်းရောဂါ၊ တီဘီရောဂါနှင့် အသည်းကြီးရောဂါ၊ သရက်အကျဉ်းထောင်မှ အကျဉ်းသား ညီညီသည် သွေးတိုးရောဂါကြောင့် ဦးနှောက်သွေးကြောပေါက်ခြင်း ရောဂါ၊ ပြည်အကျဉ်းထောင်မှ အကျဉ်းသား မျိုးသူသည် နှလုံးကြွက်သား အားနည်းရောဂါ၊ အဆုတ်အတွင်းသို့ ရေဝင်ခြင်းရောဂါ၊ အင်းစိန်ဗဟို အကျဉ်းထောင်မှ အကျဉ်းသား နေလင်းထိုက်သည် ပါးစောင်ကင်ဆာရောဂါကြောင့် အဆုတ်သို့ ကင်ဆာဆဲလ်များ ပျံ့နှံ့ခြင်းရောဂါ၊ သထုံအကျဉ်းထောင်မှအကျဉ်းသား သန့်ဇင်သည် နှလုံးသွေးကြောကျဉ်းရောဂါတို့ဖြင့် သေဆုံးသွားခဲ့ကြခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

ပြည်ထဲရေး ဝန်ကြီးဌာန အကျဉ်းဦးစီးဌာနသည် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုအား အကျဉ်းထောင် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ (SOP)နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုကို လူမျိုး၊ လိင်၊ ကိုးကွယ်ရာဘာသာ၊ နိုင်ငံသားပြစ်မှု အစရှိသည်တို့ကြောင့် ခွဲခြားမှုမရှိဘဲ တန်းတူညီမျှရရှိစေကာ အကျဉ်းထောင်များတွင် ဆေးရုံအုပ်၊ ဆရာဝန်၊ သွားဘက်ဆိုင်ရာ ဆရာဝန်၊ ကျန်းမာရေးမှူး၊ သူနာပြု၊ သားဖွားဆရာမ စသည်ဖြင့် ကျန်းမာရေးဝန်ထမ်းများ တာဝန်ချထားပြီး ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သော ဆေးဝါးများကို ဦးစီးရန်ပုံငွေမှ လစဉ်ဝယ်ယူခွင့် ပေးလျက်ရှိကာ ကျန်းမာရေး အခြေအနေပေါ်မူတည်၍ အကျဉ်းထောင်ဆေးရုံ၊ ဆေးပေးခန်းများ၌ ကုသမှုပေးပြီး ပြည်သူ့ဆေးရုံသို့ တင်ပို့လွှဲပြောင်းကုသရန် လိုအပ်ပါက လုပ်ထုံးလုပ်နည်းနှင့် အညီ လွှဲပြောင်း ပို့ဆောင်ကုသပေးကြောင်း၊ လုံခြုံရေးမထိခိုက်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်သို့ တင်ပြခွင့်ပြုချက်တောင်းခံရယူကာ အထောက်အထား မှတ်တမ်းများထားရှိကြောင်း၊ အကျဉ်းထောင်တွင် နိုင်ငံရေး အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူဟူ၍ ခွဲခြားသုံးနှုန်းခြင်း မရှိသကဲ့သို့ အခွင့်အရေးချိုးဖောက်ခံရမှု မရှိကြောင်း၊ အကျဉ်းသားအားလုံးသည် အကျဉ်းထောင်ဥပဒေ၊ နည်းဥပဒေပါအတိုင်း လိုက်နာနေထိုင်ရမည်ဖြစ်သကဲ့သို့ အကျဉ်းဦးစီးဌာန ဝန်ထမ်းများသည်လည်း အကျဉ်းထောင်ဥပဒေ၊ နည်းဥပဒေပါအတိုင်း လိုက်နာအုပ်ချုပ်ရကြောင်း၊ ဥပဒေ၊ နည်းဥပဒေကို ကျော်လွန်၍ အုပ်ချုပ်ဆောင်ရွက်ခွင့်မရှိကြောင်း သိရသည်။

ထို့ကြောင့် Khit Thit Media အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင် လွဲမှားစေရန် သတင်းတု၊ သတင်းမှား ရေးသားထားခြင်းသာဖြစ်ပြီး အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်လုပ်ကြံ သတင်းဖော်ပြခြင်းသာဖြစ်သည်။

သစ္စာ

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### အမှုဖွင့်လှစ်အရေးယူ

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် ရေဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၊ တာကောက်ကျေးရွာနေ “Min Thant May May” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အောင်စုတင်နှင့် “Mgtoo Mgtoo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မောင်တူးတို့နှစ်ဦးအား နံနက် ၈ နာရီ ၁၅ မိနစ်တွင် ကျောင်းကုန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ

## ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ အင်္ဂလန်အသင်း တစ်နှစ်တာအကောင်းဆုံးဆုကို ကိုးလ်ပါလ်မာ ဆွတ်ခူး



**လန်ဒန် အောက်တိုဘာ ၉**

အင်္ဂလန်လက်ရွေးစင်အသင်းမှ ပေးအပ်ချီးမြှင့်သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ချဲလ်ဆီးအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ကိုးလ်ပါလ်မာက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ခုနှစ်အတွင်းတွင် အင်္ဂလန်အသင်းနှင့်အတူ ပြိုင်ပွဲ ၉ ပွဲ ပါဝင်ကစားကာ ၂ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကိုးလ်ပါလ်မာက "ကျွန်တော် အခုလို အင်္ဂလန်အသင်း တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေနဲ့အတူ လက်ရွေးစင်အသင်းနဲ့လည်း အောင်မြင်မှုများရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အပေါ်ပုံ)

(NGB)



## 2024 European Open တင်းနစ်ပြိုင်ပွဲ အောက်တိုဘာ ၁၄ ရက်တွင် စတင်မည်

**လန်ဒန် အောက်တိုဘာ ၉**

ဘယ်လ်ဂျီယံနိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 European Open တင်းနစ်ပြိုင်ပွဲ လာမည့် အောက်တိုဘာ ၁၄ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2024 European Open တင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်မှ ၂၀ရက်အထိ ၇ ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2024 European Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။ **(အပေါ်ပုံ)**

European Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ကာဇက်စတန် တင်းနစ်ကစားသမား Alexander Bublik ဖြစ်သည်။

**(NGB)**

## ဟာဗက်ဇ် ဒူးဒဏ်ရာကြောင့် ဂျာမနီလက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်

**မြူးနစ် အောက်တိုဘာ ၉**


အာဆင်နယ်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဟာဗက်ဇ် ဒူးဒဏ်ရာကြောင့် ဂျာမနီလက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်ခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းက ဆောက်သမ်တန်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ဟာဗက်ဇ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဂျာမနီလက်ရွေးစင်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် ဂျာမနီလက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၈ မှ ၂၀၂၄အထိ ပြိုင်ပွဲပေါင်း ၅၃ပွဲ ကစားပြီး ၁၉ ဂိုးထိ သွင်းယူထားသည်။

**(အောက်ပုံ) (NGB)**



## ခါဗာရက်စ်ခီလီယာ စာချုပ်သက်တမ်းတိုးရန် နာပိုလီအသင်း စီစဉ်

**တူရင် အောက်တိုဘာ ၉**

နာပိုလီအသင်းသည် အသင်းအဓိက တောင်ပံကစားသမား ခါဗာရက်စ်ခီလီယာအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခဲ့ပြီ ဖြစ်သည်။ **(ယာပုံ)**

အသက်(၂၃)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန် ဥရောပထိပ်သီးကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် နာပိုလီအသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်း ဖြစ်သည်။

တောင်ပံကစားသမား ခါဗာရက်စ်ခီလီယာသည် နာပိုလီ



အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၇ပွဲကစားကာ ၂၈ဂိုးထိ သွင်းယူထားသည်။

နာပိုလီအသင်းထုတ်ပြန်ချက်တွင် "ခါဗာရက်စ်ခီလီယာအား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက်ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်းအသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။


**(NGB)**

## ရစ်ချက်ရီယော့စ်အားခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်း စိတ်ဝင်စား

**မန်ချက်စတာ အောက်တိုဘာ ၉**

မန်ချက်စတာယူနိုက်တက်အသင်းသည် ပါးမီးရက်စ်အသင်း ကွင်းလယ်ကစားသမား ရစ်ချက်ရီယော့စ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ပါးမီးရက်စ်အသင်းနှင့်အတူ ၂၀၂၃ မှ ၂၀၂၄ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၉၄ပွဲ ကစားကာ ၅ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။ **(အောက်ပုံ)**



ပါးမီးရက်စ်အသင်းကလည်း ကွင်းလယ်ကစားသမား ရစ်ချက်ရီယော့စ်အတွက် ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၂၀ ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် ပါးမီးရက်စ်အသင်းထံမှ ရစ်ချက်ရီယော့စ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။(NGB)

### ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်) ပွဲစဉ်- ၃ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | လိဂ် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|---|---|
| ၁၀-၁၀-၂၀၂၄ ကြာသပတေးနေ့ | ည၁၀း၃၀နာရီ | D | ၂ | မော်လ်ဒိုဗာ - အန်ဒိုရာ | မော်လ်ဒိုဗာ ၂-၁ အန်ဒိုရာ |
| ။ | ။ | C | ၄ | လတ်ဗီးယား - ဖြောက်မက်ဆီဒိုးနီးယား | လတ်ဗီးယား ၀-၂ မြောက်မက်ဆီဒိုးနီးယား |
| ၁၁-၁၀-၂၀၂၄ သောကြာနေ့ | နံနက်၀၁း၁၅နာရီ | A | ၂ | အစ္စရေး - ပြင်သစ် | အစ္စရေး ၁-၁ ပြင်သစ် |
| ။ | ။ | A | ၂ | အီတလီ - ဘယ်လ်ဂျီယံ | အီတလီ ၂-၁ ဘယ်လ်ဂျီယံ |
| ။ | ။ | B | ၂ | အင်္ဂလန် - ဂရိ | အင်္ဂလန် ၄-၀ ဂရိ |
| ။ | ။ | B | ၂ | ဖင်လန် - အိုင်ယာလန် | ဖင်လန် ၁-၀ အိုင်ယာလန် |
| ။ | ။ | B | ၃ | ဩစတြီးယား - ကာဇက်စတန် | ဩစတြီးယား ၄-၀ ကာဇက်စတန် |
| ။ | ။ | B | ၃ | နော်ဝေ - ဆလိုဗေးနီးယား | ဆလိုဗေးနီးယား ၂-၁ နော်ဝေ |
| ။ | ။ | C | ၄ | ဖာရိုးကျွန်းစုများ - အာမေးနီးယား | —— |
| ။ | ။ | D | ၁ | ဂျီဘရော်လ်တာ - ဆန်မာရီနို | ဆန်မာရီနို ၀-၀ ဂျီဘရော်လ်တာ |

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၀-၁၀-၂၀၂၄ ကြာသပတေးနေ့ | ညနေ၄း၀၀နာရီ (သုဝဏ္ဏကွင်း) | မြန်မာ - သီရိလင်္ကာ |
| ။ | ည ၁၁း၃၀နာရီ | မော်လ်တာ - တာမင်နစ္စတန် |
| ၁၁-၁၀-၂၀၂၄ သောကြာနေ့ | နံနက် ၀၀း၀၀နာရီ | လက်ချင်စတိန်း - ဟောင်ကောင် |

### ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(အာရှဇုန်-ခြေစစ်ပွဲ-တတိယအဆင့်)(ပွဲစဉ်-၃) ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|---|
| ၁၀-၁၀-၂၀၂၄ ကြာသပတေးနေ့ | မွန်းလွဲ၃း၄၀နာရီ | C | ဩစတြေးလျ - တရုတ် | တရုတ် ၁-၁ ဩစတြေးလျ |
| ။ | ည ၈း၃၀နာရီ | A | ဥဇဘက်ကစ္စတန် - အီရန် | အီရန် ၀-၀ ဥဇဘက်ကစ္စတန် |
| ။ | ။ | B | ဂျော်ဒန် - တောင်ကိုရီးယား | ဂျော်ဒန် ၂-၀ တောင်ကိုရီးယား |
| ။ | ည၁၀း၃၀နာရီ | A | ယူအေအီး - မြောက်ကိုရီးယား | မြောကိုရီးယား ၂-၀ ယူအေအီး |
| ။ | ။ | A | ကာတာ - ကာဂျစ္စတန် | ကာတာ ၁-၀ ကာဂျစ္စတန် |
| ။ | ။ | B | အိုမန် - ကူဝိတ် | ကူဝိတ် ၁-၂ အိုမန် |
| ။ | ။ | C | ဘာရိန်း - အင်ဒိုနီးရှား | ဘာရိန်း ၁၀-၀ အင်ဒိုနီးရှား |
| ၁၁-၁၀-၂၀၂၄ သောကြာနေ့ | နံနက်၀၀း၃၀နာရီ | B | အီရတ် - ပါလက်စတိုင်း | ပါလက်စတိုင်း ၁-၂ အီရတ် |
| ။ | ။ | C | ဆော်ဒီအာရေဗျ - ဂျပန် | ဂျပန် ၂-၀ ဆော်ဒီအာရေဗျ |

### ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(တောင်အမေရိကဇုန်-ခြေစစ်ပွဲ)(ပွဲစဉ်-၉)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(နောက်ဆုံး ၅ ပွဲရလဒ်) | ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲရလဒ် |
|---|---|---|---|
| ၁၁-၁၀-၂၀၂၄ သောကြာနေ့ | နံနက်၀၂း၃၀နာရီ | (၈)ဘိုလီးဗီးယား - ကိုလံဘီယာ(၂)<br>(L,W,L,W,W) (D,W,W,D,W) | ဘိုလီးဗီးယား ၁-၁ ကိုလံဘီယာ<br>ကိုလံဘီယာ ၃-၀ ဘိုလီးဗီးယား |
| ။ | နံနက် ၀၃း၃၀နာရီ | (၄)အီကွေဒေါ - ပါရာဂွေး(၇)<br>(D,D,W,L,W) (W,D,L,D,W) | အီကွေဒေါ ၂-၀ ပါရာဂွေး<br>ပါရာဂွေး ၃-၁ အီကွေဒေါ |
| ။ | ။ | (၆)ဗင်နီဇွဲလား - အာဂျင်တီးနား(၁)<br>(W,D,D,L,D) (W,L,W,W,L) | ဗင်နီဇွဲလား ၁-၃ အာဂျင်တီးနား<br>အာဂျင်တီးနား ၃-၀ ဗင်နီဇွဲလား |
| ။ | နံနက်၀၆း၃၀နာရီ | (၉)ချီလီ - ဘရာဇီး(၅)<br>(L,D,L,L,L) (L,L,L,W,L) | ချီလီ ၀-၁ ဘရာဇီး<br>ဘရာဇီး ၄-၀ ချီလီ |

# အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီအသစ် ရွေးချယ်ခြင်း အခမ်းအနားကျင်းပ

**မန္တလေး အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီ၏ ကော်မတီအသစ် ရွေးချယ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အဆိုပါကော်မတီရုံး ရွှေမန္တလေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီး ပို့ဆောင်ရေးစီမံကိန်း ဦးစီးမှူး ဦးတင်စိုးနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာယာဉ်ရပ်နားစခန်းကွင်းများအလိုက် ကိုယ်စားလှယ်လောင်း ၁၈ ဦး တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီးနောက် တိုင်းဒေသကြီး ပို့ဆောင်ရေးစီမံကိန်း ဦးစီးမှူးက ကော်မတီအသစ်ရွေးချယ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် ကော်မတီအသစ်ရွေးချယ်ပွဲကို ဆက်လက်ကျင်းပရာ ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ကြေညာပြီး ဆန္ဒမဲပေးရွေးချယ်ခြင်းနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားခဲ့သည်။

ဆက်လက်၍ ဆန္ဒမဲပေးရွေးချယ်ခဲ့ကြရာ ကိုယ်စားလှယ်လောင်း ၁၈ ဦးအနက်မှ ကော်မတီဝင် ခုနစ်ဦးကိုလည်းကောင်း၊ အဆိုပါ ကော်မတီဝင် ခုနစ်ဦးအနက်မှ ဥက္ကဋ္ဌတစ်ဦးကိုလည်းကောင်း၊ ဆက်လက်၍ အဆိုပါ ကော်မတီဝင်များမှ အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦးတို့ကိုလည်းကောင်း၊ ကော်မတီ(၁)၊ ကော်မတီဝင်(၂)၊ ကော်မတီဝင်(၃)၊ ကော်မတီဝင်(၄)တို့အတွက်လည်းကောင်း အစီအစဉ်အတိုင်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျရွေးချယ်ခဲ့ပြီး သဘာပတိက အတည်ပြုကြေညာခြင်း၊ လုပ်ငန်းတာဝန်ခွဲဝေသတ်မှတ်အတည်ပြုကြေညာခြင်းများကိုဆောင်ရွက်ခဲ့ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဆန္ဒမဲပေးရွေးချယ်တင်မြှောက်ခြင်းခံရသော ဦးအောင်ကျော်လင်းက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**(မန္တလေးနေ့စဉ်-၄)**

၀-၀-၀-၀-၀-၀



# သီတင်းကျွတ်ပွဲတော်နီးလာသော်လည်း သစ်သီးများ အရောင်းအဝယ်အေးနေ

**မန္တလေး အောက်တိုဘာ ၉**

သီတင်းကျွတ်ပွဲတော်ရက်နီးလာသော်လည်း သစ်သီးများ အရောင်းအဝယ်အေးနေသည်ဟု မန္တလေးမြို့ ဈေးချိုတော်တွင် သစ်သီးရောင်းချသူများထံက သိရသည်။

ယခင်နှစ်တွေက သီတင်းကျွတ်ပွဲတော်ကာလတွင် လူကြီးသူမ၊ ဆရာသမားများကို ကန်တော့ရန်၊ အလှူနှင့် ဘုန်းကြီးကျောင်းများတွင် ဆွမ်းကပ်ရန်အတွက် သစ်သီးဝလံများ ဝယ်ယူကြသည့်အတွက် အရောင်းအဝယ်ကောင်းခဲ့သော်လည်း ယခုနှစ်မှာ နိုင်ငံခြားငွေ ဈေးမြင့်တက်နေသဖြင့် သစ်သီးဝလံဈေးလည်း မြင့်တက်လာသောကြောင့် ယခုနှစ် သီတင်းကျွတ်မှာ အရောင်းအဝယ် အေးနေသည်ဟု သစ်သီးပွဲရုံလုပ်ကိုင်သူတစ်ဦးက ပြောသည်။

"အရောင်းအဝယ်ကတော့ ပုံမှန်ပါပဲ။ ပုံမှန်ဆိုရင် သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ တန်ခူးလတွေက အရောင်းအဝယ်ကောင်းတဲ့အချိန်ပဲလေ။ ငွေဈေးတက်နေတာကြောင့် အရောင်းအဝယ်အေးနေတာ၊ ဒီနှစ်သီတင်းကျွတ်ကတော့ အရောင်းအဝယ်ပါးပါတယ်"ဟု မန္တလေးမြို့ ဈေးချိုတော်ရှိ သစ်သီးပွဲရုံလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ယခုလက်ရှိဈေးကွက်တွင် ထိုင်းမှဝင်ရောက်သည့် သစ်တော်သီးတစ်ဖာလျှင် ငွေကျပ် ၁၀၅၀၀၀ ဝန်းကျင်၊ ပန်းသီးတစ်ဖာလျှင် ငွေကျပ် ၁၂၀၀၀၀ မှ ၁၂၅၀၀၀ ဝန်းကျင်၊ ဂျပန်လိမ္မော်သီး တစ်ဖာလျှင် ငွေကျပ် ၁၃၅၀၀၀ ဝန်းကျင်၊ တရုတ်စပျစ်သီး လေးပိဿာပါ တစ်ခြင်းလျှင် ငွေကျပ် ၇၅၀၀၀၊ ဖရဲသီးတစ်လုံး ပွဲရုံဈေး ငွေကျပ် ၈၀၀-၁၀၀၀၊ ထောပတ်သီးဆိုဒ်ကြီး တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀ ဝန်းကျင်ဖြင့် ရောင်းချလျက်ရှိပြီး နိုင်ငံခြားငွေဈေးအတက်အကျနှင့် သစ်သီးအမျိုးအစားအလိုက် ဈေးအပြောင်းအလဲရှိသည်ဟု သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**





# သီတင်းကျွတ်မီးပုံးနှင့် ကလေးကစားစရာအရုပ်များ ရောင်းအားကောင်း

**ပခုက္ကူ အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌ သီတင်းကျွတ်မီးပုံးနှင့် ကလေးကစားစရာအရုပ်များ သီတင်းကျွတ်ကာလမတိုင်မီကပင် ရောင်းအားကောင်းလျက်ရှိသည်။

သီတင်းကျွတ်မီးပုံးနှင့် ကလေးကစားစရာအရုပ်များ ရောင်းချရာတွင် မီးပုံး၊ မီးဆိုင်းများကို ငွေကျပ် ၁၀၀၀ မှ ၂၅၀၀၊ ကလေးကစားစရာအရုပ်များဖြစ်သည့် ယုန်ရုပ်ကို ငွေကျပ် ၂၀၀၀၊ ဆင်ရုပ်ကို ငွေကျပ် ၃၀၀၀၊ တိုက်လေယာဉ်ရုပ်ကို ငွေကျပ် ၂၀၀၀ မှ ၃၀၀၀၊ သင်္ဘောရုပ်(အကြီး၊ အလတ်၊ အသေး)များအလိုက် ငွေကျပ် ၃၀၀၀ မှ ၁၅၀၀၀တို့ဖြင့် ရောင်းချလျက်ရှိကြောင်း၊ သီတင်းကျွတ်မီးပုံးနှင့် ကလေးကစားစရာအရုပ်များ ဖန်တီးပြုလုပ်ရန်အတွက် ဝါခေါင်လမှစတင်ကာ မှန်ရောင်စက္ကူရွက်နှင့် ဆီစိမ်ကြမ်းစက္ကူရွက်များ ဝယ်ယူရကြောင်း၊ မှန်ရောင်စက္ကူများအနေဖြင့် ဝါ၊ စိမ်း၊ နီ၊ ပြာ၊ ပန်းနု၊ ပန်းဆီ စသဖြင့် အရောင်မျိုးစုံရှိကြောင်း၊ အရုပ်မျိုးစုံ ၅၀၀ ခန့် ဖန်တီးပြုလုပ်မည်ဆိုပါက အရင်းအနှီးငွေကျပ် ငါးသိန်းနှင့် ခြောက်သိန်းကြား ကုန်ကျကြောင်း၊ လက်ရှိအချိန်တွင် ယုန်ရုပ်နှင့် လေယာဉ်ရုပ်များ ပိုမိုရောင်းချရပြီး သီတင်းကျွတ်ကာလတွင် ပုံမှန်အားဖြင့် မီးပုံး၊ မီးဆိုင်းများ ရောင်းအားကောင်းလျက်ရှိကြောင်း၊ ယခင်နှစ်များတွင် တစ်ရက်လျှင် ငွေကျပ် တစ်သိန်းဖိုးအထိ ရောင်းချနိုင်ခဲ့သော်လည်း လက်ရှိကာလတွင် တစ်ရက်လျှင် အများဆုံး ငွေကျပ် ငါးသောင်းဖိုးအထိ ရောင်းချရကြောင်း၊ အရုပ်များကို တော်သလင်းလပြည့်ကျော် ၁ ရက်မှစတင်ပြီး လာရောက်ရောင်းချခြင်း ဖြစ်ကြောင်း ကိုယ်တိုင်ပြုလုပ်ရောင်းချသူတစ်ဦးက ပြောပြသည်။

သီတင်းကျွတ်မီးပုံးနှင့် ကလေးကစားစရာအရုပ်များကို ပခုက္ကူမြို့၊ အမှတ်(၁၊ ၁၀၊ ၁၃)ရပ်ကွက်များမှ မြန်မာ့ရိုးရာ လက်မှုပညာလုပ်ငန်းလုပ်ကိုင်သူများက လွတ်လပ်ရေးပန်းခြံအရှေ့ဘက် မြို့မဈေးကြီး အဝင်၊ ထင်းတန်းလမ်းတစ်လျှောက်နှင့် သီဟိုဠ်ရှင်ဘုရားကြီးလမ်းတို့တွင် အဓိကရောင်းချကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၄၀)**

# လူငယ်ရေးရာအသိပညာပေး ကွင်းဆင်းဆောင်ရွက်

**မောက်မယ် အောက်တိုဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်းရှိ ဒေသခံကျောင်းသားလူငယ်လူရွယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတတိုးပွားလာစေရန်ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက စဥ့်ဆိုင်ကျေးရွာအုပ်စု၊ ပုန်းလောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမိုခမ်းက ယခုလူငယ်၊ နောင်ဝယ်လူကြီးများဖြစ်ကြမည့် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ယူထမ်းဆောင်ကြရမည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ပေါက်စေရန် လူငယ်များအနေဖြင့် ပညာရေးကဏ္ဍအပြင် စာရိတ္တကောင်းမွန်ရေး၊ ပေါင်းသင်းဆက်ဆံရေးနှင့် ကျန်းမာရေး ကောင်းမွန်စေရေး၊ ကြီးပွားရေး အမြင်ရှိစေရေးတို့အပြင် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး စသည့် အကြောင်းများ ဆွေးနွေးဟောပြောခဲ့ပြီး ဒုတိယဦးစီးမှူး ဒေါ်နန်းဆိုင်မိုင်က နယ်လှည့်စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် တိုင်းရင်းသားရုပ်ပုံ ပုံပြင်စာအုပ်များအား ဖတ်ရှုစေခဲ့သည်။

ဆက်လက်ပြီး ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အခြေခံပညာမူလတန်းကျောင်း၌ ခင်းကျင်းပြသထားသော လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်ပညာရေး၊ သဘာဝဘေးအန္တရာယ်နှင့် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး ဓာတ်ပုံနှင့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။



**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်) ပြိုင်ပွဲဝင်ရန် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များ လေ့ကျင့်နေမှုအား ကြည့်ရှုအားပေး



**မန္တလေး အောက်တိုဘာ ၉**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်) ပြိုင်ပွဲဝင်ရန် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့်ပြိုင်ပွဲဝင်များ ပြိုင်ပွဲဝင်ဘာသာရပ်အလိုက် သက်ဆိုင်ရာနေရာများတွင် လေ့ကျင့်လျက်ရှိသည်။

ထိုသို့ လေ့ကျင့်နေမှုများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေ၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းက ပုသိမ်ကြီးမြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ ရတနာခန်းမတွင် ရတနာပုံရုပ်စုံသဘင်အဖွဲ့မှ ဝေဿန္တရာဇာတ်တော်ကြီး တင်ဆက်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၄)**



## စာဆိုတော်နေ့ အခမ်းအနားကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**ပုသိမ်ကြီး အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်းမှ ကြီးမှူး၍ မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပုသိမ်ကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု(ပံသုကျီ) ခန်းမ၌ ကျင်းပရာ ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ နိုင်စေရ(မန်းတက္ကသိုလ်) နှင့် အမှုဆောင်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အစီအစဉ်အရ စာရေးဆရာအသင်းဥက္ကဋ္ဌ နိုင်စေရ(မန်းတက္ကသိုလ်)က စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးစာရေးဆရာများ ပူဇော်ကန်တော့နိုင်ရေး၊ ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ စောနန်းမြေအောင်က ၂၀၂၄ ခုနှစ် စာပေညီလာခံအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စာရေးဆရာ ခိုင်ပန်းဝေ(လက်ပန်လှ)၏ "ပန်းများကိုမွေးစေသူ" ယဉ်ကျေးလိမ္မာကလေးကဗျာများ စာအုပ်အား ပုသိမ်ကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ လှူဒါန်းသည်။

စာဆိုတော်နေ့ အထိမ်းအမှတ် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ ပုံနှိပ်ဖော်ပြခြင်းခံခဲ့ဖူးသူများမှအပ ဝါသနာရှင် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ခေါင်းစဉ်မှာ "စာဆိုနတ်တော်"ဖြစ်ပြီး A4 စာရွက် (၃)ရွက်ထက် မပိုသော ကွန်ပျူတာစာစီ Font Size (13) ဖြင့် ကွန်ပျူတာစာစီ၍ (၂၀-၁၁-၂၀၂၄)ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျစေဘဲ မြို့မစာကြည့်တိုက်၊ ပုသိမ်ကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ပေးပို့နိုင်ကြောင်း၊ ဆုပေးပွဲအခမ်းအနားကို နတ်တော်လဆန်း ၁ ရက်၊ စာဆိုတော်နေ့ အခမ်းအနား၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၉၁)**

**မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ မဟာလောက မာရဇိန် ကုသိုလ်တော်ဘုရား၊ ဗုဒ္ဓပူဇနိယပွဲတော် (၁၃၄) ကြိမ်မြောက် ဆွမ်းတော်ကြီးလောင်းလှူပွဲ ဆွမ်းသပိတ်(၁၁)လုံးအတွက် အလှူငွေကျပ် ၃၃၀၀၀၀ ကို မဟာလောကရန်နိုင်အောင်တော်မူ မြတ်စွာဘုရား ဂေါပကအဖွဲ့မှ ယမန်နေ့က လှူဒါန်းစဉ်။**

**(ကဆ)**



## ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ညောင်ဦး အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်နီကြီးကျေးရွာအုပ်စု၊ ကန်နီကြီးကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ကန်နီကြီးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေအရင်း၊ အတိုးပေးဆပ်ရမည့်ကာလနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကန်နီကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသားဦးရေ ၅၂ ဦးကို ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၉၇ သိန်းအား စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(၄၄၅)**



## ပုသိမ်ကြီးမြို့နယ်တွင် သန်းခေါင်စာရင်း ကောက်ယူခြင်းများ ဆက်လက်ဆောင်ရွက်

**ပုသိမ်ကြီး အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းများကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်း သက်ဆိုင်ရာအဖွဲ့များဖြင့် စာရင်းကောက်ယူလျက်ရှိရာ မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့် တာဝန်ရှိသူများသည် ကျွန်းထဲပိုင်းဒေသများဖြစ်သည့် သရက်တပင်ကျေးရွာ၊ စက်ရိပ်(တောင်)ကျေးရွာသို့ သန်းခေါင်စာရင်း ကောက်ယူမှုအား ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ သန်းခေါင်စာရင်း ကောက်ယူခြင်းများကို မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦး၏ ဦးဆောင်မှုဖြင့် ကော်မတီဝင်များ လိုက်ပါလျက် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး၊ မြို့နယ်အတွင်း စက်တင်ဘာ ၈ ရက်နေ့အထိ ကောက်ကွက် ၁၇၀ ပြီးစီးခဲ့ပြီး၊ ရာခိုင်နှုန်းအားဖြင့် ၃၀ ဒသမ ၄၁ ရှိကာ သန်းခေါင်စာရင်း ကောက်ယူခြင်းများကို အဖွဲ့ ၄၅ဖွဲ့၊ စာရင်းစစ်၊ စာရင်းကောက် ၂၁၇ ဦးတို့ဖြင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင် စာရင်းကောက်ယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝ၉၅)**



## လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်း ဆောင်ရွက်

**ရေနံချောင်း အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲမှု ကိစ္စရပ်များတွင် မူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံအသုံးပြုရသည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ရရှိရန်အတွက် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက် ၇နာရီက ညောင်လှရပ်ကွက်နှင့် သစ်တပွေရပ်ကွက်တို့တွင် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့ ၁၀ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ကောက်ယူရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ပူးပေါင်းကာ ညောင်လှရပ်ကွက်တွင် စာရင်းကောက်အဖွဲ့ ၈ဖွဲ့၊ သစ်တပွေရပ်ကွက်တွင် စာရင်းကောက်အဖွဲ့ ၂ဖွဲ့ စုစုပေါင်း စာရင်းကောက်အဖွဲ့ ၁၀ဖွဲ့တွင် စာရင်းစစ်၊ စာရင်းကောက် ၅၂ဦးဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ အချက်အလက်များကို တစ်အိမ်တက်ဆင်း လိုက်လံကောက်ယူလျက်ရှိသည်။

အဆိုပါ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် မြို့နယ်အဆင့် သန်းခေါင်စာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များက အနီးကပ်ကြီးကြပ်ကာ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါဆောင်ရွက်ပြီး တပ်ရင်းတပ်ဖွဲ့များက လုံခြုံရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်၌ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းများကို မြို့ပေါ်ရပ်ကွက် ၁၄ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅အုပ်စုရှိ ကျေးရွာ ၁၇ ရွာတွင် စာရင်းကောက်ကွက် ၁၃၅ကွက်ဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ အချက်အလက်များ ကောက်ယူသွားမည် ဖြစ်ကြောင်း မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီမှ သိရသည်။

(အပေါ်ဝဲပုံ)

(၄၇၂)

## မိုးဆက်တိုက်ရွာသွန်းမှုကြောင့် လူနေအိမ်များအတွင်း ရေများဝင်ရောက်ပြီး တံတားတစ်စင်း ပျက်စီးမှုဖြစ်ပွား

**မောက်မယ် အောက်တိုဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၌ ယမန်နေ့ညက မိုးဆက်တိုက်ရွာသွန်းမှုကြောင့် နမ့်ယွမ်းချောင်းရေ မြင့်တက်ပြီး ရေကြီးရေလျှံမှုဖြစ်ကာ ရပ်ကွက်များအတွင်းရှိ မြေနိမ့်ပိုင်း နေအိမ်အချို့တွင် အောက်တိုဘာ ၆ရက် နံနက်ပိုင်း ၄နာရီခန့်က ရေများ ယမန်နေ့ထက် ပိုမိုဝင်ရောက်ခဲ့ရာ ကူညီကယ်ဆယ်ရေးများ ပြုလုပ်ခဲ့ရပြီး မွေတော်အ·မ·ကကျောင်းလည်း ရေနစ်မြုပ်ကာ၊ ဆီဆုံရပ်ကွက်နှင့် တောင်မြို့ရပ်ကွက် ဆက်သွယ်ထားသော တံတားသည်လည်း ရေနစ်မြုပ်သဖြင့် ပျက်စီးသွားခဲ့သည်။

ထိုသို့ ရေကြီးရေလျှံမှုတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ချက်ချင်းသွားရောက်ကြည့်ရှုကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး နံနက် ၇နာရီတွင် မြို့နယ်ပရဟိတအသင်းများက ရေနစ်မြုပ်နေသည့် နေအိမ်ရှိ ထွက်မလာနိုင်သည့် ပြည်သူများအား ထမင်းထုတ်များနှင့် သောက်ရေသန့်များ သွားရောက်ပေးဝေခဲ့ကြရာ စာသင်ကျောင်း လေးကျောင်း ယာယီပိတ်ထားခဲ့ရပြီး ဖြစ်စဉ်အတွင်း လူနှင့်တိရစ္ဆာန်များ ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများမရှိကြောင်း၊ အိမ်အသုံးအဆောင်များ ပျက်စီးဆုံးရှုံးမှုအနည်းငယ်သာရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## ရာဂီမုန်တိုင်းအရှိန်ကြောင့် စပါးစိုက်ခင်းရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးသည့် တောင်သူများအား မျိုးစပါးများ ထောက်ပံ့ပေးအပ်

**ဇေယျာသီရိ အောက်တိုဘာ ၉**



ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း စက်တင်ဘာ ၃ရက်က ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးသွားခဲ့သော မိုးစပါးစိုက်ခင်းများ ပြန်လည်စိုက်ပျိုးနိုင်ရေး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ထောက်ပံ့လှူဒါန်းသော မျိုးစပါးများ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဇေယျာသီရိမြို့နယ် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်နှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးပြေသိန်းတို့က ဇေယျာသီရိမြို့နယ်အတွင်း ရေကြီးရေလျှံခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စပါးခင်းများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ယခုလို မျိုးစပါးများ အခမဲ့ထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်း၊ စိုက်ပျိုးရာတွင်လည်း အတန်းလိုက် မျိုးစေ့ချစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး ကူညီဆောင်ရွက်ပေးမည့် အရာများနှင့် ပက်သက်၍ အားပေးစကား ပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် ဆန်စပါးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုအောင်နှင့် တာဝန်ရှိသူများက ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု သုံးအုပ်စုမှ တောင်သူ ၂၄ဦးအတွက် တစ်ဧကလျှင် ရက် ၉၀ စပါးမျိုး တစ်တင်းနှုန်း စုစုပေါင်း ၁၄၄ ဧကအတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မိနီအိုးဝေ ခရီးသည်တင်သုံးဘီးယာဉ်များအသင်း ဖွဲ့စည်းရေးအတွက် ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ(မြို့တွင်း)နှင့် ဆက်သွယ်နိုင်

**မန္တလေး အောက်တိုဘာ ၉**

မိနီအိုးဝေကဲ့သို့ ခရီးသည်တင် သုံးဘီးယာဉ်များအနေဖြင့် အသင်းဖွဲ့များ ဖွဲ့စည်းနိုင်ပြီး မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ (မြို့တွင်း) မှ တာဝန်ရှိသူက ပြောသည်။

လက်ရှိတွင် အသင်းအဖွဲ့ ဖွဲ့စည်းပြီးသော သုံးဘီးယာဉ် အဖွဲ့ပေါင်း ၃၀ကျော်ရှိပြီး လက်ရှိတွင် ၁၂သင်းကို ထပ်မံခွင့်ပြုထားသည်ဟု ဆိုသည်။

"ကိုယ်လုပ်ချင်တဲ့နေရာမှာ ဂိတ်အသင်းဖွဲ့ချင်တယ်ဆိုရင် ကျွန်တော်တို့ဆီ လာတင်တယ်ဆိုရင် ကူညီဆောင်ရွက်ပေးတယ်။ ကျွန်တော်တို့က ထောက်ခံပြီး ပို့ဆက်ဌာနကို ဆက်သွယ်ကူညီပေးတယ်။ အဲဒီကနေ ဝန်ကြီးဆီတင်ပြပြီး ခွင့်ပြုချက်ယူရပါတယ်"ဟု ၎င်းက ပြောသည်။

လမ်းပေါ်တွင် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ကြသည့် သုံးဘီးယာဉ်များအား ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ(မြို့တွင်း)မှ စည်းကမ်းလိုက်နာမှု ရှိမရှိနှင့် လစဉ်ပေးသွင်းရမည့် သတ်မှတ်နှုန်းထားများ ပေးဆောင်မှု ရှိမရှိတို့ကို စစ်ဆေးနေကြောင်း သိရသည်။

"တချို့က အသင်းဖွဲ့တာမရှိဘဲ တစ်သီးပုဂ္ဂလအနေနဲ့ ပြေးဆွဲနေတာတွေရှိတယ်။ အဲ့ဒီသုံးဘီးတွေကလည်း ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ (မြို့တွင်း)မှာ လစဉ်ပေးသွင်းရမည့် နှုန်းထားတွေအတိုင်း ပေးဆောင်ထားဖို့လိုပါတယ်"ဟု ဆက်လက်ပြောကြားသည်။

ခရီးသည်တင် ပြေးဆွဲခြင်းသည် စီးပွားရေးနှင့် သက်ဆိုင်သဖြင့် ပို့ဆက်ဌာနတွင် လုပ်ငန်းလိုင်စင်ဆောင်ရွက်ရန် လိုအပ်ပြီး ယာဉ်လုပ်ငန်းနှင့် ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာရမည်ဖြစ်ကြောင်း သိရသည်။



(ဝဲပုံ)(မန္တလေးနေ့စဉ်-၉)

## ရေကြီးနစ်မြုပ်ခဲ့သည့် ထိခိုက်သီးနှံများ ပြန်လည်ကုစားရန် တောင်သူများနှင့် တွေ့ဆုံ



**ကျောက်ဆည် အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ ခရိုင်မျိုးစေ့တာဝန်ခံ၊ မြေတာဝန်ခံများသည် ယနေ့ နံနက်ပိုင်းက မြစ်သားမြို့နယ် ကူမဲနှင့် မိုင်းမော စိုက်ပျိုးရေးနည်း ပညာပေး ရွှေတန်းစခန်းတွင် ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး ရေကြီးနစ်မြုပ်ခဲ့သည့် ထိခိုက်သီးနှံများ ပြန်လည်ကုစားရာတွင် ဆောင်ရွက်ရမည့်နည်းလမ်းများ အကြောင်းနှင့် ဆောင်းသီးနှံစိုက်ပျိုးမည့် အစီအမံများအား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ ဦးဆောင်၍ မြစ်သားမြို့နယ် စိုက်ပျိုးရေး ဦးစီးမှူးများနှင့် ဝန်ထမ်းများသည် ကူမဲစိုက်ပျိုးရေး နည်းပညာပေး ရွှေတန်းစခန်းနှင့် မိုင်းမောစိုက်ပျိုးရေး နည်းပညာပေး ရွှေတန်းစခန်းအတွင်းရှိ မြိုင်ကုန်း၊ ပခမ်း၊ သပြေတောင်းနှင့် ပွဲလုံးကျော် ကျေးရွာအုပ်စုများရှိ တောင်သူများနှင့်တွေ့ဆုံပြီး ထိခိုက်သီးနှံ အမျိုးအစားများအလိုက် ပြန်လည်ကောင်းမွန်ရေး ဆောင်ရွက်ရမည့် မြေဩဇာထည့်သွင်းခြင်း၊ ဆေးဖျန်းခြင်း၊ သေပျောက်အပင်များ ပြန်လည်အစားထိုးခြင်း နည်းလမ်းများနှင့် ဆောင်းသီးနှံများ စိုက်ပျိုးသွားမည့် အစီအမံများနှင့် မျိုးစေ့လိုအပ်ချက်များ အကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၅)**

## သတင်းပဒေသာ

### သန်းခေါင်စာရင်းဆက်လက်ကောက်ယူ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ တုံတာမြို့၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းကို အောက်တိုဘာ ၁ရက်မှစ၍ စတင်ကောက်ယူလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းမှစတင်ကာ မြို့နယ်သန်းခေါင်စာရင်းကော်မတီ၏ကြီးကြပ်မှုဖြင့် စာရင်းစစ်၊ စာရင်းကောက်ယူရေးအဖွဲ့မှ ရပ်ကွက်၊ ကျေးရွာများအတွင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပထမနှစ်ဝက်စာမေးပွဲများဆက်လက် ဖြေဆို

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၏ အောက်တိုဘာလ ပထမနှစ်ဝက်စာမေးပွဲများကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ တည်ငြိမ်အေးချမ်းစွာဖြင့် KG မှ Grade-12 အထိ ယမန်နေ့ နံနက် ၉ နာရီ၌ ဆက်လက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်တွင် မြို့ပေါ်ကျေးရွာနှင့် ဝေးလံသော တောင်ပေါ်ကျေးရွာများ၌ နယ်မြေစိုးမိုးရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများပါဝင်သော အဖွဲ့သည် အောက်တိုဘာ ၈ရက် နံနက်ပိုင်းက ပါပွန်းကျေးရွာအုပ်စု၊ ထော်ပဲကူကျေးရွာတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့တွင် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပျက်စီးခဲ့သည့် ကျွန်းဦးကျေးရွာအတွင်းရှိ လမ်း၊ တံတားအား စစ်ဆေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်အတွင်း ရေကြီးရေလျှံဖြစ်ပေါ်မှုများကြောင့် ပျက်စီးခဲ့သည့် ကျွန်းဦးကျေးရွာအတွင်းရှိ လမ်း၊ တံတားအား ပျဉ်းမနားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း တိကျမှန်ကန်စွာ ရရှိနိုင်ရေးအတွက် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့ဝင်များမှ အောက်တိုဘာ ၈ရက် နံနက် ၈ နာရီက ဈေးတန်းရပ်ကွက်အတွင်း စာရင်းကောက်ယူခဲ့သည်။ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်အတွင်း စာရင်းကောက်ကွက်ပေါင်း ၂၈ကွက်ကို စာရင်းစစ်၊ စာရင်းကောက် ၂၀ဦးဖြင့် (၈)ရက်မြောက် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူလျက်ရှိရာ မိုင်းယန်းခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးလင်းသန့်နှင့်အဖွဲ့ဝင်များ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကန့်ဘလူမြို့နယ်အသင်းကြီး(မန္တလေး) အဌမအကြိမ်မြောက် သံဃာ့မျက်နှာစုံညီ အစည်းအဝေးနှင့် ဩဝါဒါစရိယဆရာတော်ကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၉**



မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မြင်းဝန်မင်းကြီးတိုက်၊ ဥယျာဉ်ကျောင်းတွင် အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီက ကန့်ဘလူမြို့နယ်အသင်းကြီး(မန္တလေး)၏ အဌမအကြိမ်မြောက်နှစ်ပတ်လည် သံဃာ့မျက်နှာစုံညီ အစည်းအဝေးနှင့် ဩဝါဒါစရိယဆရာတော်ကြီး ငါးပါးတို့အား ပူဇော်ကန်တော့ပွဲ၊ ဩဝါဒခံယူပွဲ အခမ်းအနားကို အဆိုပါ ကျောင်းတိုက်တွင် ကျင်းပသည်။

အခမ်းအနားသို့ ကန့်ဘလူမြို့နယ်အသင်းကြီး(မန္တလေး)၏ ဩဝါဒါစရိယ ဆရာတော်ကြီး ငါးပါးဖြစ်တော်မူသော သီဟတိုက်သစ်၊ မစိုးရိမ်ကျောင်း ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တဥက္ကံသ၊ ရတနာပုဂံတိုက်၊ ဇေယျာရုံသီစာချကျောင်း ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တဉာဏိက၊ မြင်းဝန်မင်းကြီးတိုက်၊ ဥယျာဉ်ကျောင်း ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တကေသရာစာရ၊ မင်္ဂလာရာမရွှေဘိုတိုက်၊ ပရိယတ္တိဝါစက အလယ်ကျောင်းဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တဝိစာရ၊ ဒက္ခိဏာဝံတိုက်၊ သီတာအေးကျောင်း ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တသုစိတ္တအမှူးပြုသော နာယကဆရာတော်များနှင့်အသင်းဝင်သံဃာတော်များ၊ မန္တလေးခရိုင်သာသနာရေးမှူးရုံးမှ ဦးမင်းမင်းခိုင်နှင့်တပည့်ဒါယကာ၊ ဒါယိကာမများတက်ရောက်ကြည်ညိုကြပြီး အခမ်းအနားမှူး ဆရာတော်ဘဒ္ဒန္တသောဘိတက အစီအစဉ်များကို လျှောက်ထားသည်။

ထို့နောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ကြပြီး ဩဝါဒါစရိယ ဆရာတော်ကြီး ငါးပါးအား ဩကာသ ကန်တော့ချီးဖြင့် ရှိခိုးကန်တော့ကြသည်။ မန္တလေးခရိုင်သာသနာရေးမှူးရုံးမှ ဦးမင်းမင်းခိုင်က သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ကန့်ဘလူမြို့နယ်အသင်းကြီး(မန္တလေး)၏ ဩဝါဒါစရိယဆရာတော်ကြီး ငါးပါးတို့က အသင်းကြီးရေရှည်တည်တံ့ခိုင်မြဲရေး၊ တိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကူညီကြစေလိုကြောင်း ဩဝါဒမိန့်ကြားကြသည်။ လစ်လပ်သွားသော ဥက္ကဋ္ဌဆရာတော်၏အစား မြင်းဝန်မင်းကြီးတိုက်၊ ဥယျာဉ်ကျောင်း ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တကေသရာစာရအား ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နာယကဆရာတော်ကြီးများ၊ အသင်းဝင်သံဃာတော်များက ဥက္ကဋ္ဌအဖြစ်ရွေးချယ်တင်မြှောက်ကြပြီး မဟာဝိဇိတာရာမတိုက်၊ သာသနာ့သုံးဆူကျောင်း နာယကဆရာတော် ဘဒ္ဒန္တကေလာသက အသင်းကြီး၏ တည်နေရာသတ်မှတ်ပေးရန် လျှောက်ထားရာ မြင်းဝန်မင်းကြီးတိုက်၊ ဥယျာဉ်ကျောင်းတွင် အသင်းကြီးတည်နေရာအဖြစ် သတ်မှတ်မိန့်ကြားတော်မူသည်။

ထို့နောက် ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကေသရာစာရက အသင်းကြီး တိုးတက်ရေးနှင့်ဘာသာရေး၊ သာသနာရေး၊ ကျန်းမာရေး၊ ပညာရေးစသည်တို့ကို ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဩဝါဒမိန့်ကြားပြီး ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာထိန်း ဆရာတော် ဘဒ္ဒန္တတေဇဝန္တက ဖတ်ကြားရှင်းလင်းလျှောက်ထားသည်။ ဆက်လက်၍ အသင်းဝင်ဆရာတော်များက မိမိတို့၏ သဘောဆန္ဒကို တင်ပြလျှောက်ထားကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(အပေါ်ဓဲပုံ)

(၀၄၃)

## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်

**မန္တလေး အောက်တိုဘာ ၉**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်အဂ္ဂမဟာဂန္ထဝါစက၊ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊ B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချ အနုမောဒနာပေးကြားချီးမြှင့်ပြီး မန္တလေးမြို့၊ ဒေးဝန်းရပ်အလှူရှင်ဦးတင်ညွန့်+ ဒေါ်ခို၊ (သား)ကိုမြင့်ဦး၊ ကိုသိန်းမြင့်၊ ကိုသိန်းဝင်း၊ ကိုဝင်းဘို၊ (သမီး) မစောရီ၊ မခင်ဝါဝါ၊ မတင်တင်အေး၊ မခမ်းမွန်(ဗိုလ်သိန်းသကြားစက်) မိသားစုက ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်သိန်း ၃၀၊ ဖြည့်စွက်လှူဒါန်းငွေကျပ်၂၅သိန်း၊ စုစုပေါင်းငွေကျပ် ၅၅သိန်းကို လှူဒါန်းရာ ဥပဌာယ္ကကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။



အဆိုပါအလှူရှင် မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ ဆရာတော်၊ သံဃာတော် များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၃၆)

## မြစ်သားမြို့နယ်ကြက်ခြေနီအသင်းခွဲမှ လက်ရှိရေဝင်ရောက်လျက်ရှိသော ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆားပစ္စည်းများ သွားရောက်ကူညီလှူဒါန်း

**မြစ်သား အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် မြစ်သားမြို့နယ်အတွင်း လက်ရှိရေဝင်ရောက်လျက်ရှိသော ရေဘေးသင့် ပြည်သူများအား ပြင်စည်ကျေးရွာအုပ်စု ဖြိုးမောက်ဆီဆိုင်မိသားစုမှ လာရောက်လှူဒါန်းခဲ့သည့် ဆန်၊ ဆီ၊ ဆား အစရှိသည့် လှူဒါန်းပစ္စည်းများအား အောက်တိုဘာ ၇ရက် မွန်းလွဲပိုင်းက သွားရောက်လှူဒါန်းပေးခဲ့သည်။



ထိုသို့ လှူဒါန်းရာတွင် ပြင်စည်ကျေးရွာအုပ်စု ဖြိုးမောက်ဆီဆိုင်မိသားစုမှ လှူဒါန်းခဲ့သည့် ယခုလက်ရှိရေဝင်ရောက်လျက်ရှိသော ဘူတာဝန်ထမ်းကွက်သစ်ရပ်နှင့် ရှမ်းပွဲရပ်ရှိ ရေဘေးသင့် ပြည်သူများအား ကြက်ခြေနီ စေတနာလုပ်အားရှင်များက သွားရောက်ကူညီလှူဒါန်းပေးခဲ့ကြောင်း မြစ်သားမြို့နယ် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးထံက သိရသည်။

(ဓဲပုံ)

(၀၄၅)

# ရွှေမြို့တော်မန္တလေး အပြေးသွားကြည့်ကြစို့

အဘိုးတို့သည် လပြည့်နေ့ လကွယ်နေ့ လဆန်း ၈ ရက်နေ့ လဆုတ် ၈ ရက်နေ့တိုင်း သုမ္မောဇရပ်တွင်းမှာ ဆုံကြ၏။ စကားဝိုင်းဖွဲ့ကြ၏။ မွန်းလွဲချိန် နေ့ ၁ နာရီခန့်မှာ ဖြစ်ကြ၏။ အဘိုးတို့၏ သုမ္မောစကားဝိုင်းသည် စုံလှ၏။ ကျမ်းကိုးတွေ ပါ၏။ ကေစရိယ အစဉ်အဆက်တွေလည်း ပါ၏။ ပါးစပ်ရာဇဝင်တွေလည်း ပါ၏။ တစ်ခုရှိသည်ကား အဘိုးတို့စကားဝိုင်းသည် အချည်းနှီးသော စကားများကို လုံးဝမပြောမဆို။ အကျိုးရှိရာကိုသာ ပြောဆိုကြ၏။

‘ပြီးခဲ့တဲ့ ဥပုသ်နေ့တုန်းက လူငယ်တစ်စုကမေးခဲ့တာ မှတ်မိရဲ့လား ကိုရင်ရွှေကျီးရဲ့’

‘မှတ်မိပါသော်ကော ကိုရင်လိပ်ရာ မန္တလေးဆိုတာနောက်မှ ပေါ်တာလား အရင်ရှိခဲ့တာလားလို့ မေးခဲ့တာလေ မန္တလေးမဖြစ်ခင်က ဒီဒေသကို ထီးပေါင်းကားဒေသလို့ ခေါ်ကြတယ်။ သာသနာကတော့ ထွန်းကားနေတဲ့ဒေသလို့ ဆိုရမှာပဲပေါ့။ ဟောဒီတောင်ကုန်းထိပ်ပေါ်မှာတည်ထားတဲ့ ဆုတောင်းပြည့်ဘုရားဆိုတာ အနော်ရထာမင်းကြီးတည်ထားခဲ့တဲ့ ဘုရားပဲပေါ့။ ပြီးတော့ ဒီတောင်ကြီးရဲ့ အနောက်ဘက်မှာ ကျန်စစ်မင်းကြီး တည်ထားခဲ့တဲ့ အရိပ်မထွက်ဘုရားတို့ကိုလည်း တွေ့ရနိုင်တယ်။ တောင်ကြီးရဲ့ အနောက်တောင်ရွှန်းရွှန်းအရပ်မှာ မင်းရှင်စော တည်ထားခဲ့တဲ့ ရွှေကျီးမြင်ဘုရားတို့ကိုလည်း ဖူးတွေ့နိုင်ပါတယ်။ ဒါကြောင့် ထီးပေါင်းကားဆိုတဲ့ ဒီအရပ်ဟာ သာသနာရောင်ထွန်းပြောင်ခဲ့တဲ့ ပုဂံနဲ့ဆက်စပ်နေတဲ့ သာသနာ့မြေပဲပေါ့’

‘အဲဒီ ထီးပေါင်းကားအရပ်ကို ရတနာပုံနေပြည်တော် မန္တလေးဖြစ်အောင် စီမံခဲ့သူကတော့ ပန်းပဲမင်းကြီး ဦးမှိုဆိုတာ ကြားဖူးသူများရှိကြသလို မကြားဖူးသူတွေလည်း ရှိကြမှာပေါ့။ ကိုရင်ထုတ်ပေါ့ရာ’

‘ကဲ ဒါဆိုလည်း အရင်းကျကျ လင်းစမ်းပါဦး ကိုရင်ဖိုးနောက်ရာ’

‘ဒီလိုလေ ကိုရင် ကျီးညိုရဲ့။ အမရပူရမှာ ရှင်ဘုရင်လုပ်နေတဲ့ မင်းတုန်းမင်းကြီးက ထီးနန်းအသစ်တည်ချင်တယ်။ နယ်သစ်ပယ်သစ်ရှာချေပါလို့ ပန်းပဲမင်းကြီး ဦးမှိုကို ၁၂၁၄ ခုနှစ်မှာ ခိုင်းခဲ့တယ်။ စည်မျက်နှာကဲ့သို့ ပြန့်ပြူးညီညာတဲ့ မြေမျက်နှာပြင်ဖြစ်ရမယ်လို့လည်း မင်းတုန်းမင်းကြီးက စကားညွှန်းလိုက်တယ်။ မင်းတုန်းမင်းကြီးရဲ့ ခိုင်းစေချက်အရ ပန်းပဲမင်းကြီး ဦးမှိုဟာ အမရပူရမြို့ရဲ့မြောက်ဘက် ဟောဒီ ထီးပေါင်းကားအရပ်ကို ရောက်လာတယ်။ မြေမျက်နှာပြင်ကလည်း စည်မျက်နှာပြင်လို ညီညာတာတွေ့ရတယ်။ ဒါနဲ့ပဲ ဒီဒေသဟာ ရတနာပုံမန္တလေးဖြစ်ရမယ်ဆိုပြီး ကြံဆောင်တော့တယ်’

‘ဘယ်လိုကြံဆောင်တာလဲ ကိုရင်ဘိုဂုဏ်ရဲ့’

‘ဒီလိုလေကွယ့် ပန်းပဲမင်းကြီး ဦးမှိုဟာ ဟိုစစ်ကိုင်းတောင် ရဲ့ အနောက်ဘက်မှာရှိတဲ့ မူး မန္တလေးဆိုတဲ့ရွာက မြေတွေကို သွားယူတယ်။ အဲဒီ မူး မန္တလေးက မြေတွေကို ဟောဒီ ထီးပေါင်းကားအရပ်မှာ ကြဲဖြန့်တယ်။ ပြည်သူအများက ထီးပေါင်းကားနာမည်ဖျောက်ပြီး မန္တလေးလို့ ကင်မွန်းတပ် ခေါ်ဝေါ်ကြမှ ရတနာပုံမန္တလေးမြို့ကြီးကို ရွှေကြိုးသတ်မှတ် တည်ထောင်ခဲ့တယ်။ ရွှေကြိုးသတ်မှတ်တဲ့ အနောက်အရပ်မှာ ဧရာဝတီမြစ်ကြီးရှိတယ်။ အဲဒီဧရာဝတီမြစ်နဲ့ ရတနာပုံမန္တလေးမြို့ကို ခြားနားတဲ့ တောင်မြောက်ရွှေကြိုးဟာ တကယ့်ကို ထူးခြားတယ်’

‘ထူးခြားပုံက ဒီလိုကိုး ကိုရင်စီလန်ရဲ့ တောင်ကိုလားသော် ခြသေ့်ဦး၊ မြောက်ကိုလားသော် မိချောင်းတံတားလို့ အဆိုရှိမို့လား တောင်အရပ်က ခြသေ့်ဆိုတာ အခုထိတွေ့မြင်နေရတဲ့ ရွှေတချောင်း အနောက်ဘက် ၃၄လမ်းပေါ်က တောင်အရပ် မျက်နှာလှည့်နေတဲ့ ခြသေ့်ကြီးနှစ်ကောင်ကို ပြောတာပေါ့။ အဲဒီ ခြသေ့်ကြီးနှစ်ကောင်ရဲ့ မာန်ဟန်ကလည်း အတော့်ကိုထူးခြားတယ်။ အခုတော့ အိမ်ကြို၊ အိမ်ကြား ရောက်နေရပြီး လူတွေဝတ်ဆင်ကြတဲ့ အောက်တန်းစားအဝတ်အထည်တွေ နေလှန်းလွှမ်းခြုံထားတာ တွေ့ရတော့ အတော့်ကို ရင်နာမိတယ် ကိုရင်ရာ’

‘မြောက်ကိုလားသော် မိချောင်းတံတားဆိုတာကလည်း အထင်အရှားပဲလေ။ အိမ်တော်ရာဘုရားလို့ လူသိများတဲ့ မဟာလောကရံသီစေတီတော်ရဲ့ အနောက်တောင် စနေထောင့်အရပ်မှာ ရှိတယ်။ အဲဒီ မိချောင်းကြီးနှစ်ကောင်ရဲ့ မြောက်ဘက် မနီးမဝေးအရပ်မှာတော့ သင်္ဘောတွေ ဆိုက်ကပ်တဲ့ သင်္ဘောတန်းအရပ်ဆိုတ အခုချိန်ထိ အမည်နာမ ရှိနေသေးတယ်’

‘ရွှေကြိုးသတ်မှတ်တယ်ဆိုတာ လူတွေကြီး သတ်မှတ်လို့မရဘူး။ ရဟန်းသံဃာတွေကိုပင့်ပြီး နယ်နိမိတ် သတ်မှတ်ရတာကို ရွှေကြိုးသတ်မှတ်တယ်လို့ ပြောကြတာ ကိုရင်စိန်ခိုရဲ့ သတ်မှတ်ပုံသတ်မှတ်နည်းက ရဟန်းတော်တစ်ပါးက မေးခွန်းမေးရတယ်။ အခြားရဟန်းတော်တစ်ပါးက မေးခွန်းကို ဖြေရတယ်။ မေးတဲ့ ပါဠိသံ ဖြေတဲ့ ပါဠိသံတွေကိုတော့ မှန်မှန်ကန်ကန် မပြောတတ်တော့ဘူးလေ။ မြန်မာလိုတော့ ‘လူတို့ပြောဆိုခေါ်ဝေါ်နေတဲ့ ကြွက်မင်းကြီး ၁၉ နှစ်တိုင်တိုင် စောင့်ရှောက်နေတဲ့ အနောက်အရပ်ဟာ ဘာနိမိတ်ပါလဲ ငါ့ရှင်လို့ ရဟန်းတစ်ပါးက မေးတယ်။ ဒီတော့ ဖြေမဲ့ရဟန်းတော်က သူ့ရဲ့လက်ထဲမှာ ကျောက်ခဲဖြစ်စေ၊ ရေအိုးဖြစ်စေ၊ ဆီအိုးဖြစ်စေ၊ အရာဝတ္ထုတစ်ခုခုကို လက်နဲ့ထိကိုင်ထားပြီး ကျောက်ခဲဆိုရင် ကျောက်နိမိတ်ပါ။ ရေအိုးဆိုရင် ရေနိမိတ်ပါ။ ဆီအိုးဆိုရင် ဆီနိမိတ်ပါ။ အရှင်ဘုရားလို့ ဖြေရတယ်။ ဖြေပြီးတာနဲ့ သံဃာတော်များနဲ့ လူပရိသတ်တို့က သာဓု သာဓု သာဓုလို့ သုံးကြိမ်ခေါ်ကြရတယ်။ အဲဒီလိုနည်းနဲ့ပဲ မြောက်အရပ်၊ အရှေ့အရပ်၊ တောင်အရပ်တို့ကို နိမိတ်အမေးအဖြေ ပြုလုပ်ကြရတယ်။ ပြီးတာနဲ့ ကျောက်ခဲဖြစ်စေ၊ ရေအိုးဖြစ်စေ၊ ဆီအိုးဖြစ်စေတို့ကို မြေကြီးထဲမှာ မြှုပ်နှံကြရတယ်။ အဲဒီလို မြှုပ်နှံပြီးမှ သံဃာတော်တွေက ခေတ်လူတွေပြောနေကြတဲ့ မြေနုပ်တယ်၊ မြေလှန်တယ်၊ မြေသန့်တယ်ဆိုတဲ့ သိမ်နုတ်၊ သိမ်သမုတ်၊ ကံမ္မဝါစာတို့ကို အသံမှန်မှန်နဲ့ ရွတ်ဖတ်ကြတယ်။ ဒါဟာ မြို့သစ်တည်တာ ဝိုင်းသစ်တည်တာတွေရဲ့ မလွဲမသွေ ရှေးဦးစွာ ပြုလုပ်ကြရမဲ့ ပုဗ္ဗကိစ္စပဲပေါ့’

‘ပြီးတော့ အမှားကြာတော့ အမှန်ဖြစ်တတ်တယ်လို့ ပန်းပဲမင်းကြီး ဦးမှိုက ပြောခဲ့တယ်လို့ တို့ဆရာဘုန်းကြီး ဦးတိလောကမိန့်ခဲ့တာကို မှတ်မိတယ်မဟုတ်လား ကိုရင်ဘစောရဲ့’

‘မှတ်မိပါသော်ကော ကိုရင်ဖိုးချွန်ရာ အိမ်ကျောင်းဘုရား တည်ဆောက်တော့မယ်ဆိုရင် အိမ်ပိုင်ရှင်၊ ကျောင်းကုသိုလ်ရှင်၊ ဘုရားကုသိုလ်ရှင်ရဲ့ မွေးဖွားတဲ့ သက္ကရာဇ် လ ရက် နေ့ အချိန်တို့အရတွက်ချက်လို့ပေါ်လာတဲ့ နေ့သားတွေက ကြိုးရင်းကိုင်ရတယ်။ ကြိုးဖျားကိုင်ရတယ်။ ပန္နက်ရိုက်ရတယ်။ မြေကို စတင်ပြီးတူးရ ပန္နက်တင်ရတယ်။ ပန္နက်တိုင် ပန္နက်လက်ရိုက်တို့ကိုလည်း ရွေးချယ်ရတယ်။ ဘုရားကုသိုလ်ရှင်၊ ကျောင်းကုသိုလ်ရှင်၊ အိမ်ပိုင်ရှင်ဆိုပြီး ကြိုးကိုင်ပန္နက်ရိုက် မြေတူးတွေ လုံးဝမလုပ်ရဘူး။ ပိုင်ရှင်က ပန္နက်ရိုက်တယ်ဆိုတာ ဘယ်ကျမ်းကိုး ကျမ်းကားမှ မရှိဘူးလို့ ဆရာဘုန်းကြီးက ပြောခဲ့တယ်။ ဒီခေတ်မှာကတော့ အမှားကို အမှန်ထင်ပြီး ဘုရားဒကာတွေ၊ ကျောင်းဒကာတွေ၊ အိမ်ပိုင်ရှင်တွေက ခေါင်းဆောင်တွေက ပန္နက်ရိုက်နေကြတာတွေ ကြားဖူးတယ်။ မြင်ဖူးတယ်။ ဒါတွေအားမနာတန်းပြောရရင် လူလယ်ခေါင်မှာ ဟန်ရေးပြနေကြတာလို့ ဆရာဘုန်းကြီးက ပြောခဲ့ဖူးတယ်။ တကယ်တော့ ပန်းပဲမင်းကြီး ဦးမှိုရဲ့ ရတနာပုံမန္တလေးတည်ဆောက်စက ပန်းပဲမင်းကြီး ဦးမှိုပြောခဲ့တဲ့ စကားပဲဖြစ်မှာပေါ့’

အဘိုးတို့၏ သုမ္မောစကားဝိုင်းသံသည် ရပ်သွား၏။ ငြိမ်သွား၏။ တစ်ယောက်ကို တစ်ယောက်ကြည့်ရင်းက မိမိတို့၏ အိမ်ဂေဟာသို့ ပြန်ကြရန် ပြင်ဆင်လိုက်ကြတော့၏။

**မောင်လောက**

# ဆီဆုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် အောက်တိုဘာ ၉**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမစက်ဝန်း ထုတ်ချေးခြင်းကို ယမန်နေ့ နေ့လယ်ပိုင်းက ဆီဆုံကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆီဆုံကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦး ငွေကျပ် ၆ ဒသမ ၀၀ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၇ ဦး ငွေကျပ် ၄၁ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄ ဦး ငွေကျပ် ၂ ဒသမ ၂ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂ ဦး ငွေကျပ် ၁ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၃ ဦးကို အဌမအကြိမ်မြောက်အဖြစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၁ ဒသမ ၁၀ သန်း ထုတ်ချေးပေးခဲ့သည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုလက်ရှိ ကျေးရွာပေါင်း ၄၁ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူးက ပြောသည်။



(အပေါ်ပုံ) မူမူစန်း

# တရုတ်နှင့် အမေရိကန် စီးပွားရေးဝန်ကြီးနှစ်ဦး တယ်လီဖုန်းဖြင့် ဆက်သွယ်ပြီး ပြောဆိုဆွေးနွေး



**ပေကျင်း အောက်တိုဘာ ၉**

တရုတ်နှင့် အမေရိကန် စီးပွားရေးဝန်ကြီးနှစ်ဦး အောက်တိုဘာ ၈ ရက်က တယ်လီဖုန်းဖြင့် ဆက်သွယ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကိစ္စနှင့် ပတ်သက်၍ အပြန်အလှန် ပြောဆိုဆွေးနွေးခဲ့ကြောင်း တရုတ်နေ့စဉ်သတင်းစာက ဖော်ပြသည်။

တရုတ်နှင့် အမေရိကန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးများဖြစ်သော ဝမ်ဝင်တောင်နှင့် ဂီနာရိုင်မွန်ဒိုတို့ နှစ်ဦးသည် လက်ရှိကျင့်သုံးနေသော မူဝါဒများ ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လျှပ်သိုပစ္စည်းများအပေါ် ထားရှိသော သဘောထားနှင့် တရုတ်မှတ်ဥာဏ်တုယာဉ်များအပေါ် အမေရိကန်ဘက်က ကျင့်သုံးလျက်ရှိသည့် မူဝါဒကို ပြုပြင်ပြောင်းလဲပေးရန် တရုတ်ဝန်ကြီး ဝမ်ဝင်တောင်က တောင်းဆိုခဲ့သည်။

အမျိုးသားလုံခြုံရေး၊ ပုံမှန်စီးပွားရေးနှင့် ကုန်သွယ်ရေးကိစ္စရပ်များအကြား သိသာထင်ရှားသည့် နယ်စည်းများခြားထားရန် အရေးကြီးကြောင်း ၎င်းက ဆက်လက်ထောက်ပြသည်။

မိမိတို့ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုအတွက် ပိုမိုကောင်းမွန်သော မူဝါဒပတ်ဝန်းကျင် လိုအပ်သည်ဟုလည်း တရုတ်ဝန်ကြီး ဝမ်ဝင်တောင်က ထပ်လောင်းပြောကြားခဲ့ကြောင်း သိရသည်။

**Mon**



# အာဆီယံအစည်းအဝေးတက်ရောက်ရန်အတွက် စင်ကာပူဝန်ကြီးချုပ် လာအိုနိုင်ငံသို့ သွားရောက်

**စင်ကာပူ အောက်တိုဘာ ၉**

အာဆီယံအစည်းအဝေးတက်ရောက်ရန်အတွက် စင်ကာပူဝန်ကြီးချုပ် လောရင့်စ်ဝေါင်း အောက်တိုဘာ ၈ ရက်က လာအိုနိုင်ငံသို့ သွားရောက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၎င်းအနေဖြင့် ဝန်ကြီးချုပ်အဖြစ် အာဏာရလာပြီးနောက် ပထမဆုံးအကြိမ် နိုင်ငံစုံအစည်းအဝေးတက်ရောက်ရန် ပြည်ပသို့ သွားရောက်ခြင်း ဖြစ်သည်။

အစည်းအဝေးအပြီး အောက်တိုဘာ ၁၁ ရက်တွင် ဝန်ကြီးချုပ် လောရင့်စ်ဝေါင်းအား လာအိုဝန်ကြီးချုပ် ဆိုနေဇေးဆီဖန်ဒေါင်းက နိုင်ငံတော်ညစာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

**Mon**

**ကနေဒါနိုင်ငံ ဆီဒါအိုင်အတွင်းရှိ ဖားတစ်ပိုင်းငါးတစ်ပိုင်း ရေသတ္တဝါလေးများကို ရေအောက်ကင်မရာဖြင့် ရိုက်ကူးပြီး ၂၀၂၄ တစ်နှစ်တာအကောင်းဆုံး တောရိုင်းသဘာဝဓာတ်ပုံဆု ရရှိခဲ့သော ဓာတ်ပုံဆရာ ရှိန်းဂရေ့စ်၏ လက်ရာကို တွေ့ရစဉ်။**

**Mon**



# INTERNATIONAL NEWS

## နိုင်ငံတကာသတင်းများ

# ကမ္ဘာ့အကြီးဆုံး ရေပေါ်လေအားလျှပ်စစ်စက်ရုံ ပေါ်တူဂီအတွက် ဓာတ်အားဆက်လက်ထုတ်ပေးနေ

**လစ္စဘွန်း အောက်တိုဘာ ၉**

ကမ္ဘာ့အကြီးဆုံး ရေပေါ်လေအားလျှပ်စစ်စက်ရုံဖြစ်သော အတ္တလန္တိတ်ရေပေါ်ဓာတ်အားပေးစက်ရုံက ပေါ်တူဂီနိုင်ငံအတွက် လျှပ်စစ်ဓာတ်အားကို ဆက်လက်ထုတ်ပေးနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင်လက စတင်လည်ပတ်ခဲ့သော အဆိုပါ အတ္တလန္တိတ်ရေပေါ်ဓာတ်အားပေးစက်ရုံအနေဖြင့် မူလစီမံကိန်းရည်မှန်းချက်အရ အစပိုင်းတွင် လျှပ်စစ်ဓာတ်အား ၂၅ မဂ္ဂါဝပ်ကိုသာ ထုတ်ပေးခဲ့သည်။

အစပိုင်းတွင် အိုးရှန်းဝင်းစ်ကုမ္ပဏီက အစုရှယ်ယာ အများဆုံး ပိုင်ဆိုင်ခဲ့ပြီး နောက်ပိုင်းတွင် စပိန်အခြေစိုက် အန်ဂျီးကုမ္ပဏီနှင့် ထက်ဝက်စီ အညီအမျှ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာမှ ၂၀၂၂ ခုနှစ်တွင် အတ္တလန္တိတ်ရေပေါ်ဓာတ်အားပေးစက်ရုံက လျှပ်စစ်ဓာတ်အား ၇၈ ဂစ်ဂါဝပ်အထိ တိုးမြှင့်ထုတ်လုပ်ကာ ယခုနှစ် ဇူလိုင်လတွင် ၈၀ ဂစ်ဂါဝပ်အထိ ရောက်ရှိလာသည်။

ဗီယာနာဒိုကာစတယ်လိုဆိပ်ကမ်းရှိ အဆိုပါရေပေါ်ဓာတ်အားပေးစက်ရုံမှ ၂၀ ကီလိုမီတာ ရှည်လျားသော ဓာတ်အားလိုင်းသွယ်တန်းကာ ဓာတ်အားဖြန့်ဖြူးပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



# ဘင်္ဂလားဒေ့ရှ်၌ ပြုပြင်ပြောင်းလဲမှုများပြီးသွားမှ ရွေးကောက်ပွဲကျင်းပမည်ဟု ယူနွစ် ပြောကြား

**ဒက္ကာ အောက်တိုဘာ ၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပြုပြင်ပြောင်းလဲမှုများ ပြီးစီးသွားမှသာ ရွေးကောက်ပွဲကျင်းပမည်ဟု အသက် ၈၄ နှစ်အရွယ် ကြားဖြတ်အစိုးရအကြီးအကဲ မိုဟာမက်ယူနွစ်က အောက်တိုဘာ ၈ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မိမိတို့နိုင်ငံတွင် အတိတ်က ဖြစ်ခဲ့သည့် ပုံစံအတိုင်း ထပ်ဖြစ်မလာစေရန် အထွေထွေပြုပြင်ပြောင်းလဲမှု ပြုလုပ်ရမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

အခြေခံကျသော ပြုပြင်ပြောင်းလဲမှု ပြီးစီးသွားမှ ရွေးကောက်ပွဲကျင်းပသည့် လုပ်ငန်းစဉ်ကို ဆက်လက်အကောင်အထည်ဖော်မှုဖြစ်မည်ဟု ၎င်းက ဆက်လက်ပြောကြားကြောင်း သိရသည်။

**Mon**

# တရုတ်အမျိုးသားနေ့ အားလပ်ရက်များအတွင်း ပေကျင်းနှင့် ရှန်ဟိုင်း၌ နေအိမ်ဝယ်ယူမှု မြင့်တက်

**ပေကျင်း အောက်တိုဘာ ၉**

ယခုနှစ် တရုတ်အမျိုးသားနေ့ အားလပ်ရက်များအတွင်း ပေကျင်းနှင့် ရှန်ဟိုင်း နှစ်မြို့၌ နေအိမ်ဝယ်ယူမှုပမာဏ မြင့်တက်ခဲ့ကြောင်း တရုတ်နေ့စဉ်သတင်းဌာနက ဖော်ပြသည်။

နေအိမ်ဝယ်ယူပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ဗဟိုအစိုးရဘက်က မူဝါဒပြောင်းလဲဖြေလျှော့မှုများ ပြုလုပ်ခဲ့ပြီးနောက် အောက်တိုဘာလဆန်းပိုင်းတွင် နေအိမ်၊ တိုက်ခန်းများနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းခြင်းနှင့် ဝယ်ယူခြင်းများကို ယမန်နှစ်ကထက် နှစ်ဆမျှပို၍ ပြုလုပ်ခဲ့ကြသည်။

ယမန်နှစ်က မြေစတုရန်းမီတာပေါင်း ၂၉၀၀၀ကို ဝယ်ယူခဲ့ကြပြီး ယခုနှစ် ဝယ်လက်များ ပိုင်ဆိုင်ရရှိခဲ့သော မြေဧရိယာမှာ ၅၉၀၀၀ စတုရန်းမီတာရှိကြောင်း ရှန်ဟိုင်းအခြေစိုက် ဈေးကွက်လေ့လာသူ လူဝင်ရှီက ထုတ်ဖော်ပြောကြားသည်။

ပထမအကြိမ်နှင့် ဒုတိယအကြိမ် အိမ်ဝယ်ယူသူများ ကနဦးငွေပေးချေရမည့် ပမာဏကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက အောက်တိုဘာ ၁ ရက်တွင် လျှော့ချပေးလိုက်ရာမှ ဝယ်လိုအားမြင့်တက်ခဲ့ခြင်းဖြစ်သည်ဟုလည်း ၎င်းက ဆက်လက်ရှင်းလင်းပြောကြားကြောင်း သိရသည်။

**Mon**

0-0-0-0-0



# အီရန်က ဒုတိယအကြိမ် သတိပေးတားမြစ်ပြီးနောက် လက်ဘနွန်ထဲသို့ အစ္စရေးကြည်းတပ် တိုးမြှင့်စစ်ဆင်

**ဘေရွတ် အောက်တိုဘာ ၉**

လက်ဘနွန်နိုင်ငံအတွင်းရှိ ပစ်မှတ်များကို ဆက်လက်မတိုက်ခိုက်ဘဲ ရပ်တန့်ရန် အီရန်က အောက်တိုဘာ ၈ ရက်တွင် ဒုတိယအကြိမ် သတိပေးတားမြစ်ခဲ့ပြီးနောက် အစ္စရေးက လက်ဘနွန်နိုင်ငံ အနောက်တောင်ပိုင်းသို့ နယ်စပ်တစ်လျှောက် စစ်သည်အင်အား ဖြန့်ကြက်ကာ ကြည်းတပ်စစ်ဆင်ရေး တိုးမြှင့်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုသို့ စစ်ဆင်ရေးမတိုးမြှင့်မီ လက်ဘနွန်အရပ်သားများကို ဟစ်ဇဘိုလာပြောက်ကျားများနှင့် ဝေးရာသို့ ရှောင်တိမ်းရွှေ့ပြောင်းပေးရန် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တာယာဟုက ပန်ကြားပြောဆိုခဲ့သည်။

ဟစ်ဇဘိုလာတို့ကို သုတ်သင်ရှင်းလင်းရန် အစ္စရေးက လေကြောင်းတိုက်ခိုက်မှုများ ကနဦးပြုလုပ်ခဲ့သည်။ ဆက်လက်၍ နယ်စပ်တစ်လျှောက် ချဉ်းကပ်ရောက်ရှိလာသော အစ္စရေးခြေလျင်တပ်ဖွဲ့ဝင်များက မြေပြင်ထိုးစစ်အတွက် စောင့်ဆိုင်းနေခဲ့ကြသည်။

ဟစ်ဇဘိုလာတို့ဘက်က ငြိမ်သက်မသွားဘဲ အစ္စရေးဘက်သို့ ဒုံးလက်နက်များဖြင့် တန်ပြန်တိုက်ခိုက်ခဲ့သဖြင့် အစ္စရေးက စစ်ရှိန်မြှင့်လာခဲ့ခြင်း ဖြစ်သည်။

ကျဆုံးသွားသည့် ဟစ်ဇဘိုလာခေါင်းဆောင်ဟောင်း ဟတ်ဆန်နာဆရာလာ၏ အရိုက်အရာဆက်ခံမည့်သူကိုလည်း သုတ်သင်ရှင်းလင်းလိုက်ပြီဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တာန်ယာဟု အတည်ပြုပြီးနောက် နှစ်ဖက်တိုက်ခိုက်မှု ပိုမိုပြင်းထန်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



# အမြို့မြို့ အနယ်နယ်တွင် သန်းခေါင်စာရင်း ဆက်လက်ကောက်ယူလျက်ရှိ



## မန္တလေး အောင်မြေသာစံမြို့နယ်အတွင်း လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူလျက်ရှိ

**မန္တလေး အောင်တိုဘာ ၉**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို ယမန်နေ့ နံနက်ပိုင်းက မန္တလေး အောင်မြေသာစံမြို့နယ်တွင် ဆက်လက်ကောက်ယူလျက်ရှိကြသည်။

ထိုသို့ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ ကောက်ယူကြရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဝင်းမျိုးထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းထွန်းလင်း၊ ကော်မတီအတွင်းရေးမှူး ဦးသိန်းလွင်တို့က မေးခွန်းကိုရိုက်ကွက်အတွင်း လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး အနီးကပ်ကြီးကြပ်ကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

(ဝဲပုံ) (၀၉၃)



မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကွင်းဆင်း၍ဆက်လက်ကောက်ယူလျက်ရှိစဉ်။ (၄၄၅)



ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကွင်းဆင်း၍ ဆက်လက်ကောက်ယူလျက်ရှိစဉ်။ မျိုးသီဟ(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကွင်းဆင်း၍ ဆက်လက်ကောက်ယူလျက်ရှိစဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)



မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကွင်းဆင်း၍ဆက်လက်ကောက်ယူလျက်ရှိစဉ်။ ဇော်ထက်(သရက်)



ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယုမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကွင်းဆင်း၍ဆက်လက်ကောက်ယူလျက်ရှိစဉ်။ မြို့နယ်(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကွင်းဆင်း၍ဆက်လက်ကောက်ယူလျက်ရှိစဉ်။ မြို့နယ်(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကွင်းဆင်း၍ဆက်လက်ကောက်ယူလျက်ရှိစဉ်။ ဇော်ထက်(သရက်)



မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကွင်းဆင်း၍ဆက်လက်ကောက်ယူလျက်ရှိစဉ်။ (၃၆၆)



မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကွင်းဆင်း၍ဆက်လက်ကောက်ယူလျက်ရှိစဉ်။ (၅၀၀)

## သီတင်းကျွတ်ရုံးပိတ်ရက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့လာရောက်ရင်း ခရီးတစ်ထောက် ပလင်းကမ်းသာယာဆင်စခန်းသို့ ဝင်ရောက်နားနေ လေ့လာနိုင်

သီတင်းကျွတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် မြန်မာပြည်အရပ်ရပ်မှ လေ့လာရေးဘုရားဖူး လာရောက်ကြမည့် ဘုရားဖူးများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း လေ့လာရေးဘုရားဖူးလာရောက်ရင်း ညောင်ဦးမြို့နှင့်ငါးမိုင်ခန့် ကွာဝေးသည့် ညောင်ဦး- ပခုက္ကူ- မြင်းခြံကားလမ်းမကြီးဘေး၊ အနောက်ပုလင်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းသို့ ခရီးတစ်ထောက်ဝင်ရောက်နားနေပြီး ဆင်စခန်းဝင်းအတွင်း ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းတွင် စွယ်စုံဆင်ထီး နှစ်ကောင်၊ ဆင်မလေးကောင်ထားရှိပြီး၊ ဆင်စခန်းမှ သတ်မှတ်ထားချိန်များတွင် ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက် ဆင်များစီး၍ ဧရာဝတီမြစ်အလှသဘာဝကျကျ ခံစားကြည့်ရှုနိုင်ပြီး၊ ဆင်များအား ဆင်စာဘူဖေး ကျွေးမွေးနိုင်ခြင်း၊ ဆင်စာတစ်ဇန်းခြင်းဝယ်ယူ၍ ကျွေးမွေးနိုင်ခြင်း၊ ဆင်စခန်းမှ ရောင်းချသော သန့်ရှင်းလတ်ဆတ်သည့် တရုတ်အစားအစာ၊ ဗမာအစားအစာနှင့် အသုပ်အမျိုးမျိုး၊ အချိုရည်အမျိုးမျိုးနှင့် သဘာဝကော်ဖီကြိုက်နှစ်သက်သူများ ကော်ဖီမှာယူကာ မြစ်ကမ်းဘေးတွင် ဆောက်လုပ်ထားသည့် ခြေတံရှည် ထန်းရွက်မိုးတဲများပေါ်၌ စိတ်အေးချမ်းသာစွာအနားယူ၊ မှာယူစားသောက်နိုင်ကြောင်း သိရသည်။ ဆင်စခန်းဝင်းအတွင်း ဆင်များလေ့လာလိုသူ ဆင်ချစ်သူများ အဆင်ပြေစေရန် ဓာတ်ပုံရိုက်ကူးနိုင်သည့် နေရာများကိုလည်း ဖန်တီးပေးထားကြောင်း လေးညှင်းခံရှုမျှော်ခင်းတံတားပေါ်တွင် အလှဓာတ်ပုံ၊ ဗွီဒီယိုရိုက်ကူးနိုင်ရန် ငှက်တောင်ပံပုံ၊ TV ပုံ၊ အသဲပုံများ ဖန်တီးပေးထားခြင်းနှင့် ဧရာဝတီမြစ်ကမ်းစပ် ဘောတွဲများပေါ်နှင့် မြစ်ကမ်းဘေးတို့တွင် အလှဓာတ်ပုံရိုက်ကူးနိုင်ခြင်း၊ဆင်များနှင့်အတူ ဓာတ်ပုံ၊ ဗွီဒီယိုရိုက်ကူးနိုင်ခြင်း၊ ဆင်စခန်းဝင်းအတွင်း ကလေးဥယျာဉ်အတွင်းတွင် ကလေးငယ်များ ဆော့ကစားနိုင်ရန် ဆီးဆော၊ လျှောစင်၊ ဒန်း၊ ရဟတ်တို့ ဖန်တီးပေးထားခြင်းများဖြင့် ကလေးကစားကွင်းဥယျာဉ်ကိုလည်း သစ်ပင်၊ ပန်းအလှပင်တို့ဖြင့် ဖန်တီးပေးထားကြောင်း ပလင်းကမ်းသာယာဆင်စခန်း တာဝန်ရှိသူများထံက သိရသည်။



ပလင်းကမ်းသာယာဆင်စခန်းဝင်ကြေးအဖြစ် ပြည်ပနိုင်ငံသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၊ ပြည်တွင်းတစ်ဦးလျှင်ငွေကျပ် ၁၀၀၀ နှင့် ကလေး၊ ရဟန်း၊ သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆင်စခန်းဝင်ကြေး ကင်းလွတ်ခွင့်ပြုထားကာ ဆင်စီးခအဖြစ် ပြည်တွင်းဧည့်သည်တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၊ ပြည်ပနိုင်ငံသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ရှစ်နှစ်အောက်ကလေးငယ်များ မိဘနှင့်အတူ အခမဲ့ဆင်စီးနိုင်ကြောင်း သိရသည်။

ပလင်းကမ်းသာယာ ဆင်စခန်းဝင်းအတွင်းတွင် အဆင့်မီဆင်ပြတိုက် ဖွင့်လှစ်ထားရှိပြီး ဆင်ပြတိုက်ထဲတွင် ကမ္ဘာပေါ်မှာရှိသည့် အာရှဆင်နှင့်အာဖရိကဆင်များပြသထားပြီး အာရှဆင်များ ဦးနှောက်ဉာဏ်ရည်ဉာဏ်သွေးပြည့်မီကာ တန်ဖိုးကြီးမားကြောင်း၊ ခိုင်းစေ၍ သင်ယူရလွယ်ကူကာ အာဖရိကဆင်များမှာ သင်ယူခိုင်းစေ၍မရကြောင်း၊ အာရှဆင်များ အထီးများသာ အစွယ်ပေါက်ကြပြီး ထူးခြားချက်အနေဖြင့် အင်အားအလွန်ကြီးမားသည့် ဟိုင်းဆင်များတွင်သာ အစွယ်မပေါက်ဘဲ ညာဘက်၊ ဘယ်ဘက် တစ်ဖက်ထဲတွင် အစွယ်တစ်ချောင်းသာပေါက်သည့် ဆင်များကိုလည်း ဟန်၊ တယ်နာမည်များပေးကြောင်း သိရသည်။ အာဖရိကဆင်များသည် အမရော၊ အထီးပါ အစွယ်ပေါက်ကြပြီး နားရွက်အင်မတန်ကားပြီး ကြီးကြောင်း အာရှဆင်နှင့် အာဖရိကဆင်ယှဉ်တွဲ၍ မြန်မာအင်္ဂလိပ်နှစ်ဘာသာဖြင့်ဖော်ပြထားသည်။ ဆင်ပြတိုက်ထဲတွင် ဆင်တစ်ကောင်လုံးအရိုးစုအစစ် ပြသထားပြီး၊ ဆင်စွယ်အခေါ်အဝေါ်များဖြစ်သည့် စွယ်တုတ်၊ သပိတ်ပိုက်၊ စွယ်ဝိုက်၊ စွယ်စိုက် ဆင်ထီးများ ဆင်စွယ်ထွက်ရှိပုံများကို ပြသပေးထားကာ ဆင်စီးပုခက်ခေါ်က၊ ဆင်ဦးစီး၊ ဆင်ခေါင်း၊ဆင်ပဲ့ချိတ်တို့၏ အဆင့်ဆင့်လုပ်ဆောင်ပုံများ၊ တောထဲဆင်ဝိုင်းများတွင် အလုပ်လုပ်ကြသည့် ဆင်ဝိုင်းပုံများကိုလည်း ပုံစံငယ်တဲများဖြင့် လေ့လာနိုင်ရန် ပြသပေးထားသည်။ တောထဲတွင် ဆင်များနှင့် ဆင်ဦးစီးတို့ အလုပ်လုပ်ကြပုံ၊ ဆင်ရေချ(ရေချိုးပုံ)နှင့် ဆင်သတ်မုဆိုးတို့၏ အန္တရာယ်အရှိဆုံး တိုင်းဒေသကြီး၊ ပြည်နယ်များအား ဗွီဒီယိုဖြင့် ချိတ်ဆက်၍ ဆင်ပြတိုက်ထဲတွင် ပြသပေးထားသည်။ ထို့အပြင် ခေတ်အဆက်ဆက် ဆင်ဖြူတော်ပိုင်ဆိုင်ခဲ့သည့် မင်းများနှင့် ဆင်ဖြူတော်စီးရေ၊ ယနေ့ခေတ် ဆင်ဖြူတော်များ၊ ဖမ်းမိသည့်နယ်မြေနှင့် ဆင်အမြှာပူးလေးများမွေးခဲ့သည့် သစ်ထုတ်ရေးနယ်မြေများ၊ နှစ် ၈၀ ခန့်ရှိ ဆင်မှတ်ပုံတင်စာအုပ်တို့ကိုလည်း ဆင်ပြတိုက်ထဲတွင် ဆင်ချစ်သူများ လေ့လာနိုင်အောင် ဖန်တီးပေးထားသည်ကို လေ့လာနိုင်မည် ဖြစ်သည်။

သီတင်းကျွတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်ရင်း ခရီးတစ်ထောက်နားနေရာအဖြစ် ပလင်းကမ်းသာယာဆင်စခန်းသို့ ဝင်ရောက်လေ့လာနိုင်ကြောင်း ရေးသားလိုက်ရသည်။

(ဌေးဝ)

*- *- *- *- *

*- *- *- *- *- *

## စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ရောင်းချ

**မိုင်းယောင်း အောက်တိုဘာ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၌ ယမန်နေ့ နံနက်ပိုင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ မိုင်းယောင်းတပ်နယ် တပ်ရင်းတပ်ဖွဲ့များမှ စိုက်ပျိုးမွေးမြူထားသော အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို နိုင်ငံ့ဝန်ထမ်းမိသားစုများအား ရောင်းချပေးသည်။

ထိုသို့ သက်သာသောဈေးဖြင့် ရောင်းချပေးနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ မိုင်းယောင်းတပ်နယ် တပ်နယ်မှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် အဖွဲ့ဝင်များက၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများ၊ ခရိုင်၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက လာရောက်ဝယ်ယူကြောင်း သိရသည်။ (ဝဲပုံ)



**နန်းစီဖေါင်း(ပြန်/ဆက်)**



## အငြိမ်းစားယူထားသည့် ဆရာ၊ ဆရာမတို့အား ထောက်ပံ့ငွေ ပေးအပ်

**သရက် အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့တွင် အငြိမ်းစားယူထားသည့် ပညာရေး(ငြိမ်း)ဆရာကြီးတစ်ဦးနှင့် ဆရာမကြီးတစ်ဦးအား ငွေကျပ် ၁၅သိန်းစီ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီက ခရိုင်စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် နာယကဆရာကြီး ဦးတင်ထွဋ်က ယခုလိုသက်ပြည့်အငြိမ်းစားယူပြီး ဆရာ၊ ဆရာမများ လစဉ်အလှူငွေပေးအပ်ရာမှာ စေတနာအလှူငွေကောက်ခံသည့် စနစ်ဖြင့် ဆောင်ရွက်၍ ထောက်ပံ့ငွေ ပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားပေးခဲ့ပြီး ပီတိပညာရေးပရဟိတအဖွဲ့ဝင် ဦးမြင့်သိန်းက စေတနာအလှူငွေကောက်ခံ ဆောင်ရွက်ရသည့်အခြေအနေများကို ရှင်းလင်းပေးခဲ့သည်။

ထို့နောက် အငြိမ်းစားပင်စင်ယူထားသည့် ဦးကျော်အေးလွင်(အလကပြ)အထက(ဘော်)နှင့် ဒေါ်ခင်မမ(မှုအုပ်)အမကမြို့လှတို့အား ပီတိပညာရေးပရဟိတမှ ထောက်ပံ့ငွေကျပ် ၁၅ သိန်းစီအား ပီတိပညာရေးအဖွဲ့ဝင် ဆရာဦးသန်းအေးမှ ပေးအပ်ရာ ထောက်ပံ့ခံ ဆရာ၊ ဆရာမများက လက်ခံပေးခဲ့ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားပေးခဲ့သည်။ ယင်းနောက် အငြိမ်းစားသက်ကြီးဆရာ၊ ဆရာမများအား ကျန်းမာရေး စောင့်ရှောက်ရန်အတွက် အလှူငွေကျပ်ငါးသောင်းစီ လှူဒါန်းပေးခဲ့ရာ ပီတိပညာရေးအဖွဲ့ဝင်ဆရာကြီးက လက်ခံပေးခဲ့ကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

**ဇော်ထက်(သရက်)**

## ယူရီးယားဓါတ်မြေဩဇာအိတ်များကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေး

**မင်းဘူး အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်းကြီးကြပ်မှုဖြင့် မင်းဘူးခရိုင်၊မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် သီးနှံစိုက်ပျိုးရာသီ မိုးစပါးသီးနှံ ပန်းတိုင်၊ မျိုးပြောင်းလဲ၊ မျိုးသန့်ပွား၊ ဝါသီးနှံတိုးချဲ့စိုက်၊မျိုးသန့်ပွားနှင့် ဆီထွက်သီးနှံအထူးဇုန်စိုက်ပျိုးထားရှိသည့် စံပြအကျိုးဆောင်ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေးသွင်းအားစုအဖြစ် ယူရီးယားဓာတ်မြေဩဇာများကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ မကွေးတိုင်းဒေသကြီးအတွက် ထုတ်ယူခွင့်ရရှိသော ယူရီးယားဓာတ်မြေဩဇာ ခွဲတမ်းများအနက်မှ မင်းဘူး(စကု)မြို့နယ်အနေဖြင့် ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် စက်တင်ဘာလကုန်အထိ ယူရီးယားမြေဩဇာ ၁၇၉ ဒသမ ၃၅တန် 50Kg အိတ်ပေါင်း ၃၅၈၇ အိတ်ကို ဝယ်ယူ၍ ပြန်လည်ဖြန့်ဖြူးရောင်းချပေးရခြင်းဖြစ်ကြောင်း၊ထိုသို့ ရောင်းချရာတွင် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံများဖြစ်သည့် မိုးစပါး၊ ဝါအထူးဇုန်၊ မိုးဆီထွက်အထူးဇုန်စိုက်ပျိုးဧရိယာများနှင့် စပါးသီးနှံ အခြေခံ၍ ပန်းတိုင်၊ စပါးမျိုးစေ့ထုတ်၊ စပါးမျိုးသစ်မျိုးပြောင်းလဲဧရိယာများနှင့် ဝါသီးနှံမျိုးစေ့ထုတ်ဧကများကို စိုက်ပျိုးသည့် စံပြအကျိုးဆောင်ဒေသခံတောင်သူကြီးများအား ဖြန့်ဖြူးရောင်းချပေးနိုင်ရန် ညွှန်ကြားချက်နှင့်အညီ ဒေသအတွင်းသတ်မှတ်ထားသော ရည်ညွှန်းဈေးနှုန်းအတိုင်း သက်သာဈေးနှုန်းဖြင့် ယူရီးယားတစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် တောင်သူများလက်ဝယ်သို့ အရောက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း မြို့နယ်အဆင့် ဓာတ်မြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်လင်းက ပြောသည်။ ယူရီးယားဓာတ်မြေဩဇာများကို ၂၀၂၄ ခုနှစ် စက်တင်ဘာလကုန်အထိ တောင်သူပေါင်း ၂၁၂၂ ဦးတို့၏ မိုးစပါး ၃၆၈၂ ဧက၊ဝါသီးနှံ ၂၉၅ ဧကနှင့် ဆီထွက်အထူးဇုန်(မြေပဲ၊နှမ်း)ဧက ၆၇၀၀၊စုစုပေါင်း ၁၀၆၇၇ ဧကတို့အတွက် ဖြန့်ဖြူးရောင်းချပေးထားပြီးဖြစ်ကြောင်း သိရသည်။

(၅၀၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတစ်နိုင်ငံ၏အင်အားသည် ပညာပေါ်တွင် အခြေခံ...

❖ ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ်ပညာပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များသည် နိုင်ငံ၏အင်အား၊ နိုင်ငံ၏ အနာဂတ်များဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# တရားမဝင်ကုန်သွယ်မှုများကို နယ်စပ်ဒေသနှင့် ကုန်သွယ်မှုလမ်းကြောင်းပေါ်က တားဆီးစစ်ဆေးခြင်းအပြင် ပြည်တွင်းသိုလှောင်ရုံများနှင့် ဈေးကွက်များအထိ ဝင်ရောက်စစ်ဆေးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၉

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်နှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အသင်းအဖွဲ့များမှ

စာမျက်နှာ ၇ သို့ ★

## ၂၀၂၄ ခုနှစ် (၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနား မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၉

၂၀၂၄ ခုနှစ် (၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ဇေယျာသီရိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ မှစတင်ပြီး MRTV-HD Channel၊ MRTV Sports Channel၊ MRTV Parliament Channel၊ MWD-HD Channel၊ MWD Variety HD Channel၊ MWD Education, Knowledge & Sports Channel နှင့် Channel LIGHTတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့အသံရေဒီယိုနှင့် MRTV APP အပါအဝင် Online တို့မှလည်း တစ်ပြိုင်တည်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်လူငယ်အသင်းက ဒဂုံပေါ့အသင်းအား ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

ရန်ကုန်ယူနိုက်တက် (ယူ-၂၀)အသင်းနှင့် ဒဂုံပေါ့(ယူ-၂၀) အသင်းတို့၏ ပွဲစဉ်ကို ယနေ့ညနေ ၃ နာရီခွဲတွင် ပဒုမ္မာကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်လူငယ်အသင်းက ၅-၀ ဂိုးနှင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ပွဲချိန် ၄ မိနစ်တွင် ရန်ကုန်အသင်း ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပြစ်ဒဏ်ဘောမှတစ်ဆင့် မောင်တော့က သွင်းယူပေးခဲ့သည်။ ရန်ကုန်အသင်းအတွက် ဒုတိယဦးဆောင်ဂိုးကို ပွဲချိန် ၂၄ မိနစ်တွင် စိုင်းဇေယျာကျော်၊ တတိယဦးဆောင်ဂိုးကို ၂၈ မိနစ်တွင် ဖွဲ့ထက်အောင်တို့က သွင်းယူပေးခဲ့ပြီး ပထမပိုင်းကို ၃-၀ ဂိုးနှင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းတွင် ရန်ကုန်အသင်းက စတုတ္ထဦးဆောင်ဂိုးရရှိခဲ့ပြီး မောင်တော့က ပွဲချိန် ၅၅ မိနစ်တွင် သွင်းယူခဲ့သည်။ ၈၅ မိနစ်တွင် ဒဂုံပေါ့အသင်း ပင်နယ်တီရရှိခဲ့သော်လည်း ကန်သွင်းရန်ကြိုးစားမှု တိုင်ထိထွက်ခဲ့သည်။ ရန်ကုန်အသင်းအတွက် အဆုံးသတ်အနိုင်ဂိုးကို ခွန်ချိုးထူး ကန်တင်ပေးသည့်ဘောလုံးကို အားရွှေက သွင်းယူပေးခဲ့ပြီး ဒဂုံပေါ့(ယူ-၂၀)အသင်းကို ၅-၀ နှင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ၁၆ ပွဲကစား၊ ၈ ပွဲနိုင်၊ ၃ ပွဲ သရေ၊ ၅ ပွဲ ရှုံး၊ ရမှတ် ၂၇ မှတ်နှင့် အဆင့် ၄ နေရာသို့ တက်လှမ်းခဲ့ပြီး လာမည့် အောက်တိုဘာ ၁၄ ရက်နေ့၊ ပဒုမ္မာကွင်းတွင် မြဝတီ(ယူ-၂၀)အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

(NGB)

